မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၈ခုနှစ်၊ မေ ၁၆ရက်၊ သောကြာနေ့၊ အတွဲ(၄၇)၊ အမှတ် (၂၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့က ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံသည့် ရာခိုင်နှုန်း ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ထုတ်ပြန်

နေပြည်တော် မေ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ်(၁၀/၂၀၀၈)ကို ၂၀၀၈ခုနှစ် မေ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်
(ကြေညာချက်အမှတ် ၁၀/၂၀၀၈)
၁၃၇၀ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ရက်
(၂၀၀၈ ခုနှစ်၊ မေလ ၁၅ ရက်)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိသည့်အနက် (၂၇၈)မြို့နယ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၆)ရက်စွဲပါ ကြေညာချက်အမှတ်(၈/၂၀၀၈)ဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း (၄၀) နှင့် ဧရာဝတီတိုင်းမှ (၇)မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၃။ ပြည်ထောင်စုတစ်ဝန်းလုံးရှိ လူဦးရေမှာ (၅၇၅၀၄၃၆၈) ဦးဖြစ်၍ အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေမှာ (၂၇၃၆၉၉၅၇) ဦး ဖြစ်ပါသည်။

၄။ ၂၀၀၈ခုနှစ်၊ မေလ (၁၀)ရက်နေ့က မြို့နယ် (၂၇၈) မြို့နယ်တွင် ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ ရရှိသည့် ဆန္ဒမဲအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဆန္ဒမဲပေးခွင့်ရှိသူဦးရေ	-	၂၂၇၀၈၄၃၄ ဦး
(ခ)	ဆန္ဒမဲပေးသူဦးရေ	-	၂၂၄၉၆၆၆၀ ဦး
(ဂ)	ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ	-	၂၀၇၈၆၅၉၆ ဦး
(ဃ)	ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ	-	၁၃၇၅၄၈၀ ဦး
(င)	ပယ်မဲ	-	၃၃၄၅၈၄ ဦး

၅။ ထိုသို့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီးသည့် မြို့နယ်ပေါင်း (၂၇၈)မြို့နယ်မှ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၂၇၀၈၄၃၄) ဦး အနက် (၂၂၄၉၆၆၆၀) ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြသဖြင့် ဆန္ဒမဲပေးသည့် ရာခိုင်နှုန်းမှာ (၉၉ ဒသမ ၀၇) ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ပါ၍ ဆန္ဒမဲပေးသည့် မဲဆန္ဒရှင် (၂၂၄၉၆၆၆၀) ဦးအနက် (၂၀၇၈၆၅၉၆) ဦးတို့က ထောက်ခံဆန္ဒမဲပေးသည့်အတွက် ထောက်ခံသည့် ရာခိုင်နှုန်းမှာ (၉၂ ဒသမ ၄) ရာခိုင်နှုန်းဖြစ်ကြောင်း ပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ ရလဒ်အား ကြေညာအပ်ပါသည်။

(အောင်တိုး)
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

လေဘေးသင့် ပြည်သူများအတွက် လှူဒါန်းသော ငွေနှင့် ပစ္စည်းများ လေဘေးသင့်ခံရသူများ လက်ဝယ်အရောက် ချက်ချင်း ဆက်လက်ဖြန့်ဝေပေးအပ်လျက်ရှိ

နေပြည်တော် မေ ၁၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံဒေသအချို့တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့ရာ ပြည်တွင်းပြည်ပ စေတနာရှင်များက ကယ်ဆယ်စောင့်ရှောက်ရေးပစ္စည်းများကို အင်တိုက်အားတိုက် ပေးပို့လှူဒါန်းလျက်ရှိသဖြင့် ကျေးဇူးတင်စွာ လက်ခံရယူလျက်ရှိပါသည်။

၂။ ပြည်တွင်းပြည်ပ စေတနာရှင်များက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ငွေ၊ ပစ္စည်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က စာရင်းဇယားများဖြင့် စနစ်တကျ လက်ခံလျက်ရှိပါသည်။ ထိုသို့လက်ခံပြီးနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်သည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီက သက်ဆိုင်ရာ လေဘေးသင့်ခံရသူများ လက်ဝယ်သို့ အရောက် ချက်ချင်း ဆက်လက်ဖြန့်ဝေပေးအပ်လျက်ရှိပါသည်။

၃။ လေဘေးသင့်ပြည်သူများအတွက် လှူသားချင်းစာနာထောက်ထားမှု အကူအညီဖြင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များသည် နီးစပ်ရာ မြန်မာသံရုံးများ၊ စစ်သံရုံးများ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်များရှိ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အခြားအကျိုးဆောင်ပုဂ္ဂိုလ်နှင့် တရားဝင်အဖွဲ့အစည်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၄။ မည်သူမဆို လေဘေးသင့်ခံရသူများအတွက် ပြည်တွင်းပြည်ပမှ လှူဒါန်းသောငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက သတင်းပို့ခြင်း၊ တိုင်ကြားခြင်းပြုနိုင်ပါသည်။ သတင်းရရှိပါက စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်စွာ အရေးယူသွားရန် ကြိုတင်စီမံထားရှိပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရက်စွဲ၊ ၁၅-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

16-5 (01).pmd 1 5/16/2008, 2:34 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၁၆ ရက်)

တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရိုင်းပင်းကူညီတတ်သည့်စိတ်ထား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အဖွဲ့အား မေလ ၁၄ရက်နေ့က ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း လေမုန်တိုင်းတိုက်ခတ်သွားပြီးနောက် မိမိတို့ ထိုင်းနိုင်ငံအနေဖြင့် အကူအညီများပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အကူအညီပေးသွားလိုပါကြောင်း၊ ပစ္စည်းများများပေးပို့ခြင်းကို နယ်စပ်မြို့ဖြစ်သည့် မြဝတီမှ တစ်ဆင့်ပေးပို့နိုင်ရန်လည်း စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြန်လည်ပြောကြားရာတွင် ထိုင်းနိုင်ငံအနေဖြင့် ယနေ့အထိ လှူဒါန်းသည့်ပစ္စည်းများကို ပေးပို့ခဲ့ရာ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများသို့ မိမိတို့ ချက်ချင်းရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ပစ္စည်းများတွင် ထိုင်းဘုရင်မင်းမြတ်ကိုယ်တိုင် ပေးလှူသည့် ပစ္စည်းများသာမက မင်းသမီးသီရိဒုံအပါအဝင် အစိုးရအဖွဲ့နှင့် ပြည်သူများကလည်း ပေးပို့လှူဒါန်းခဲ့ကြသည်။ ယခုအခါ သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့် ဒေသများရှိ ပြည်သူများအတွက် တစ်နိုင်ငံလုံးရှိ ပြည်သူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက ပေးပို့လှူဒါန်းသည့် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးစသည့်ပစ္စည်းများ လုံလောက်စွာရရှိနေပြီဖြစ်သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံအပြီးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တစ်ဆင့်သတင်းစကားများထက် ကိုယ်တိုင်မျက်မြင် ထိတွေ့ သိရှိခွင့်ရသည့်အတွက် မြန်မာနိုင်ငံကြိုးပမ်းဆောင်ရွက်ချက်များကို မိမိတို့ပို၍သဘောပေါက်နားလည်ပါကြောင်း ထပ်မံပြောကြားသည်။ ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်း ရွက်ဖျင်တဲများ၌ အုပ်ချုပ်ရေးရုံးနှင့် ကွပ်ကဲရေးရုံးများဖွင့်လှစ်၍ လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များ ထိရောက်လျင်မြန်စွာ ပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံချင်း တူညီမှုအပေါ်အခြေခံကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရိုင်းပင်းကူညီ တတ်သည့်အိမ်နီးချင်းမိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြသဖြင့် နှစ်နိုင်ငံအကြား အစဉ်အဆက်တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကင်းမြို့နယ် သုခဝတီလမ်း အမှတ်(၆/D)နေ ဦးကံမြင့်အားရည်စူး၍ ဇနီးဒေါ်ခင်ဝင်းကြည်၊ သမီး ဒေါ်ပြုံးစန္ဒာမြင့်၊ ဒေါ်ယုနန္ဒာမြင့်၊မြေး မင်းအလင်္ကာသက်တင်မိသားစုက သုံးနှစ်ပြည့်အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့်ဦးအေးမြင့်တို့က လက်ခံယူသည်။(အောက်ပုံ)(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မိုးချစ်တပ်တော်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၂၃)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၁၉)

ဝန်ကြီး ဗိုလ်ချုပ်ငွေဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၁၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မေ၁၂ရက်က ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း လပွတ္တာမြို့သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအတွက် ရဟတ်ယာဉ်ဖြင့် သယ်ဆောင်လာသော အစားအသောက်များ၊ ဆေးဝါးများ၊ သောက်ရေသန့်များ၊ မိုးကာတဲများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေဦးနှင့်အတူ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ငွေဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေတို့သည် လပွတ္တာမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ပဋ္ဌာနသမုပ္ပာဒ် သင်တန်းများဖွင့်မည်

ရန်ကုန် မေ ၁၅

နှစ်စဉ်ဖွင့်လှစ်ပို့ချမြဲ သာသနာရေးဦးစီးဌာန အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ပဋ္ဌာနသမုပ္ပာဒ်သင်တန်းများကို မေ၁၇ရက်မှ စတင်၍ အပတ်စဉ် စနေ၊တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် ကမ္ဘာအေး ကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင် ခန်းမကြီး၌ ပို့ချပေးသွားမည် ဖြစ်သည်။

အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာဂုဏ်ထူးဆောင် သင်တန်းများကို မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိလည်းကောင်း၊ ပဋ္ဌာနသမုပ္ပာဒ်သင်တန်းကို အပတ်စဉ် စနေနေ့ နံနက်၈နာရီမှ ၁၀နာရီအထိလည်းကောင်း ဓမ္မဒါန ပို့ချပေးမည်ဖြစ်ရာ ဖုန်း-၆၆၅၄၆၇၊ ၅၄၇၀၂၉နှင့် ၆၆၆၁၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မုန်တိုင်းကြောင့် ပျက်စီးခဲ့သောစက်ရုံများ ပြန်လည်ပြုပြင်မှုနှင့် လည်ပတ်မှုအခြေအနေ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၁၃ရက်က မြန်မာ့အထည်အလိပ်လုပ်ငန်းအနောက် မရမ်းကုန်းအထည်စက်ရုံ အမှတ်(၈)၌ မုန်တိုင်းကြောင့် ပျက်စီးခဲ့သော ပင်မစက်ရုံနှင့် သိုလှောင်ရုံအမိုးများကို ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ သိုလှောင်ရုံအတွင်း ကုန်ကြမ်းကုန်ချော ဆယ်တင်ပစ္စည်းများ အခြေအနေ၊ ပင်မစက်ရုံအတွင်း စက်ရက်ကန်းများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ် ထုတ်လုပ်ကြရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖော့ကန်စက်ရုံခွဲ ဖိနပ်စက်ရုံ၊ အမှတ်(၁) မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စောင်စက်ရုံ အမှတ်(၂၀)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခံအုတ်စက်ရုံ(တညင်းကုန်း)၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ (ရန်ကုန်)၊ ဆပ်ပြာစက်ရုံအမှတ်(၁)တို့၏ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအမြန်ဆုံး ပြန်လည် လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူတို့အား မှာကြားသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော စက်ရုံများ ပြန်လည်ပြုပြင်၍ ပုံမှန်လည်ပတ်လျက်ရှိသော စက်ရုံ(၁၇)ရုံ၊ လျှပ်စစ်ဓာတ်အားရရှိလျှင် လည်ပတ်ရန် အသင့်ဖြစ်နေသောစက်ရုံ(၁၄)ရုံ၊ အဆောက်အအုံများ ပြင်ဆင်ပြီး စက်ရုံ(၁၀)ရုံနှင့် အဆောက်အအုံပြုပြင်ဆဲစက်ရုံ (၆၈)ရုံဖြစ်ပြီး လေဘေးကယ်ဆယ်ရေးအတွက် အဓိက ထောက်ပံ့လျက်ရှိသော လူသုံးကုန်ပစ္စည်းများဖြစ်သည့် အထည်ချုပ်စက်ရုံ၊ ရေသန့်စက်၊ ခေါက်ဆွဲစက်ရုံ၊ ဆပ်ပြာစက်ရုံ၊ ဆေးဝါးစက်ရုံများကို အမြန်ဆုံးပြုပြင်၍ လည်ပတ်ထုတ်လုပ်လျက် ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော် (ရေ)မှ နယ်မြေခံတပ်ရင်းနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၁၅

တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းနှင့် အသက်ကယ်လှေသုံးစင်းတို့သည် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များလိုက်ပါလျက် မေ ၁၃ရက်က ဟိုင်းကြီးကျွန်းမြို့နယ် သင်္ကယ်သောင်၊ မြို့သစ်နှင့် ငါးပြေမကျေးရွာအုပ်စုများသို့ သွားရောက်၍ ရေလမ်းရှင်းလင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စစ်ရေယာဉ်များအနက်မှ လေးစင်းသည် ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ သိမ်တန်းကြီး၊ ဖျာပုံ-အချာလေး ကျေးရွာနှင့် ဒေးဒရဲ-ကျောက်စရစ်ကျေးရွာ ခရီးစဉ်များအတိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်း ၆၀ ဒသမ ၅တန်ကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

16-5 (02).pmd 1 5/16/2008, 2:34 AM

ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် လေဘေးကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လေမုန်တိုင်းတိုက်ခတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုများကို အသေးစိတ်ထပ်မံမေးမြန်းပြီး မှာကြားရာတွင် လေမုန်တိုင်းမှာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဒေသများ၌ ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း၊ တွံတေးမြို့နယ်အတွင်း၌လည်း မုန်တိုင်းဒဏ်ကြောင့် အတိုင်းအတာတစ်ရပ်အထိ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း။

ပြန်လည်ထူထောင်ရေး

မိမိတို့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များသည် သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများသို့ အသီးသီးလှည့်လည်သွားရောက်ကြပြီး ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ယခုအခါ ထိန်းသိမ်းဆောင်ရွက်ထားပြီးဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တွံတေးမြို့နယ်၏ လိုအပ်ချက်များကိုလည်း မိမိတို့ စီစဉ်ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ ဦးစားပေးအဖြစ် ဆေးရုံများကိုပြန်လည်ပြုပြင် တည်ဆောက်ရန်လိုကြောင်း၊ စာသင်ကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးမှုများကို မြို့နယ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်ပေးနေသည့် စေတနာရှင်ကုမ္ပဏီများ၏ အကူအညီကိုရယူပြီး အမြန်ပြုပြင်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ရွက်ဖျင်တဲ၌ လေဘေးသင့်ပြည်သူများ နေထိုင်မှု၊ လှူဒါန်းသည့် ပစ္စည်းရရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေး ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံမှလှူဒါန်းထားသည့် ရွက်ဖျင်တဲ၌ ဖွင့်လှစ်ထားသော ဗီဒီယိုရုံတွင် ကလေးများနှင့်အတူ ဗီဒီယိုဝင်ရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ရွက်ဖျင်တဲများ၌ လေဘေးသင့်သူများအား နေရာချထားပေးမှု၊ မိသားစုအလိုက် နေထိုင်နိုင်မှု၊ လှူဒါန်းသည့်ပစ္စည်းများ ရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က မိသားစုများအား ဒေသအသီးသီးတို့မှ လှူဒါန်းထားသည့် ပစ္စည်းများကိုပေးအပ်ပြီး မိမိတို့လူမျိုးသည် တွေ့ကြုံရသည့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိသည့် လူမျိုးပီပီ ယခု သဘာဝဘေးဒဏ်ကိုလည်း ကြံ့ကြံ့ခံ ရင်ဆိုင်မည်ဆိုသည့် စိတ်ဓာတ်ထား ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွံတေးမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်၍ မုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရွက်ဖျင်တဲများ၌ နေရာချထားမှု

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် လေဘေးကယ်ဆယ်ရေးစခန်းတွင် အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းထားသည့် ရွက်ဖျင်တဲများ၌ လေဘေးသင့်သူများအား နေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

16-5 (03).pmd 1 5/16/2008, 2:34 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသို့သွားရောက် လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား

ရန်ကုန် မေ ၁၅

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းရှိ လေဘေးကယ်ဆယ်ရေးစခန်း အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ်အတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းအတွင်း လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ထောက်ပံ့ပစ္စည်း

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၁၀) ရပ်ကွက်၊ ကုလားကြီးစုကျေးရွာ၊ အတွင်းပဒံကျေးရွာနှင့် အပြင်ပဒံကျေးရွာ စသည့် ရပ်ကွက်၊ ကျေးရွာ ငါးခုတို့မှ လေဘေးသင့် ပြည်သူများအားလည်းကောင်း၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်နှင့် ရေဥက္ကံကျေးရွာစသည့် ရပ်ကွက်ကျေးရွာငါးခုတို့မှ လေဘေးသင့် ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်နှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပံ့ပိုးမှု

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် (၁၅)ရပ်ကွက်နှင့် ကစင်ကျေးရွာ စသည့် ရပ်ကွက်ကျေးရွာငါးခုတို့မှ လေဘေးသင့် ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ ဝန်ကြီးက ပြောကြားရာတွင် သဘာဝဘေး ကျရောက်ခဲ့သော ဒေသများရှိ လေဘေးသင့်ပြည်သူများ အတွက် ကယ်ဆယ်ရေး၊ ထောက်ပံ့စောင့်ရှောက်မှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ အနေဖြင့် အမျိုးသားအဆင့်သတ်မှတ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအတွင်းတွင် လေပြင်း တိုက်ခတ်ပြီး ရက်သတ္တပတ် အကြာ ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးကဏ္ဍများ ပြန်လည်ကောင်းမွန်ခဲ့သည့်အပြင် ပြည်သူများ၏ နေ့စဉ် လူမှုလုပ်ငန်းဆောင်တာများ ပုံမှန်အနေအထားသို့ ပြည်လည်ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် နေအိမ်များ ပျက်စီးသွားသဖြင့် မိမိတို့နေအိမ်အား ပြန်လည်ပြုပြင် နေထိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသော ပြည်သူများ အတွက် လိုအပ်သည့် ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆန်နှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်း ရှိ လေဘေးကယ်ဆယ်ရေးစခန်းမှ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

ရန်ကုန် မေ ၁၅

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ အလှူရှင်များက အလှူငွေများလာရောက်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်းမှု

ယနေ့ မေ ၁၅ရက် လှူဒါန်းမှုမှာ စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ် ၂၆၇သိန်း၊ မိခင်ကြီးဒေါ်လှခင်စောအား အမှူးထား၍ ဦးထွန်းထွန်းအောင်နှင့် ဒေါ်ခင်ငြိမ်းချမ်း၊ သမီး မသက်သက်ဆုဇင်၊ မသင်းသင်းဆုဇင်မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးတင်မောင်ဝင်း(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)နှင့် ဒေါ်အေးပိုမိသားစုက ငွေကျပ် တစ်သိန်းခြောက်ထောင်၊ ဦးဟန်တင်နှင့် ဒေါ်ချိုချိုလွင်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးသန်းလှနှင့် ဒေါ်အေးမြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်သော်တာအေးဖေမိသားစုက ငွေကျပ်ငါးသိန်း၊ ရှင်နန္ဒမေဓာအားအမှူးထား၍ ဒေါက်တာဦးအောင်ငွေး၊ ဗိုလ်မှူးဒေါ်အုန်းရီ သားသမီး မြေးတစ်စုက ငွေကျပ် တစ်သိန်းငါးသောင်း၊ (ဗိုလ်ချုပ်တင်ထွန်း)နှင့် ဒေါ်ခင်မြင့်ဝေမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးကျော်ဇင်ဝင်းနှင့် ဒေါ်စုစုမာ (Singapore)က ငွေကျပ်ငါးသောင်း၊ ဦးသောင်းထိုက်(ညွှန်/ချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန)နှင့် ဒေါ်အယ်လ်ခွန်းရီက ငွေကျပ် ၁၀သိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၁၀၀၀၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် သိန်း၁၀၀၀၊ အောင်လံမြို့ မေတ္တာမွန် နာရေးကူညီမှုအသင်းက ငွေကျပ် ၁၁သိန်း၊ ကိုမိုးကျော်မြင့်နှင့် မမြတ်ခိုင်သီတို့က ငွေကျပ်သုံးသိန်းတစ်သောင်း၊ Yannan United Power Develop; Co., Ltd. က အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ ATR Aricraft Company က အမေရိကန်ဒေါ်လာ ၅၀၀၀၊ Mr. Michael Lee (Managing Director, Jets Express Services, Sdn Bhd) က အမေရိကန်ဒေါ်လာ ၆၃၅၊ Buddhist Association of Thailand က အမေရိကန်ဒေါ်လာ ၆၁၈၁၇ဒသမ ၅၂၊ Buddhist Association of Thailand က အမေရိကန်ဒေါ်လာ ၃၀၉၁၁ဒသမ၉၀ တို့ဖြစ်သည်။

ယနေ့ မေ ၁၅ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၀၇ဒသမ၆၆သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၄၈၃၆၄ ဒသမ၄၂ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၅

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံရှိ ခရစ်ယာန်အသင်းမှ စောင်များ၊ ခြင်ထောင်များ၊ ပလတ်စတစ်စများ၊ အစားအသောက်ပစ္စည်းများ စုစုပေါင်း ၁၁တန်ကျော်သည် AN-12 လေယာဉ်ဖြင့် ယနေ့ နံနက်၂နာရီ ၅မိနစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ရေစုပ်စက်၊ ရေသန့်စင်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးအမျိုးမျိုး၊ အစားအသောက်အမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မီးစက်များ စုစုပေါင်း ၃၂တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၄နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ အစားအစာများ၊ စောင်များ၊ ရေသန့်များ၊ ကျန်းမာရေးဆေးပစ္စည်းများ၊ တာပေါ်လင်စများ၊ဆေးဝါးမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ၊ စုစုပေါင်း ၄၆တန်ခန့်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၈နာရီ မိနစ်၄၀၊ နံနက် ၁၀နာရီ၊ နံနက် ၁၀နာရီ ၅၅မိနစ်၊ မွန်းလွဲ ၂နာရီ မိနစ် ၂၀နှင့် ညနေ ၃နာရီ မိနစ်၂၀တို့တွင် လည်းကောင်း၊ စင်ကာပူနိုင်ငံရှိ Khoo Tect Puat မှ စောင် အထည် ၄၅၀၊ မြေခင်းစ ၁၀၀၀၊ ရေသန့်ဘူးသေတ္တာ ၅၀၊ ကွေကာအုပ် သေတ္တာ ၂၅၀၊ ဘီစကွတ် ၄၈၀၀ ပါကင်၊ အိပ်ရာ ၂၀၀ စုစုပေါင်း ၃ဒသမ၆၇တန်သည် MI-512 နှင့် MI-518 လေယာဉ်နှစ်စင်းဖြင့် နံနက် ၈နာရီ မိနစ်၄၀နှင့် ညနေ ၄နာရီ ၁၅မိနစ်တို့တွင် လည်းကောင်း၊ Switch Agency for Development Corporation မှ အထွေထွေသုံး တဲအလုံး၂၀၊ မိသားစုသုံးတဲ ၁၀လုံး၊ ပလတ်စတစ်လိပ်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဆေးခန်းတစ်ခု၊ မီးစက်ခြောက်လုံး၊ ပစ္စည်း တင်/ချ ကားနှစ်စီး စုစုပေါင်း ၄၁တန်သည် IL-76လေယာဉ်ဖြင့် နံနက် ၉နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ အစားအသောက်နှင့် ပစ္စည်းမျိုးစုံ ၂၇တန်ကျော်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၉နာရီ မိနစ်၅၀နှင့် နံနက် ၁၀နာရီခွဲ တွင်လည်းကောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံ ကြက်ခြေနီအဖွဲ့မှ ဆေးရုံသုံးပစ္စည်းများ၊ မိုးကာတဲများ၊ ဟင်းရွက်ဆီ၊ အသားဘူးနှင့် သကြားစုစုပေါင်း ၃၆ တန်ကျော်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၁၅မိနစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း (ICRC) မှ တာပေါ်လင်စများ၊ မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်း ၁၈တန်ကျော်သည် AN-12 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ မိနစ်၄၀တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ အမေရိကန်ဒေါ်လာ ၂ဒသမ၀၅သန်းကျော် တန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံ သေတ္တာ ၂၀၀ကျော်သည် CA-905 Air China လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ခွန်အားဖြည့်နို့မှုန့် စုစုပေါင်း တန် ၂၀ကျော်သည် AN-12 လေယာဉ်ဖြင့် ညနေ ၃နာရီ ၁၀မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ထိုင်းနိုင်ငံရှိ Baiyoke Hotel Group Eagle And Sea မှ အစားအသောက်များ၊ အဝတ်အထည်များ စုစုပေါင်း ၁၂ဒသမ၃၈တန်သည် 8M-332 လေယာဉ်ဖြင့် မေ ၁၄ရက် ည၆နာရီတွင် လည်းကောင်း၊ IFRC မှ အသက်ကယ် ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း၂၁ဒသမ၄၂တန်သည် လေယာဉ်နှစ်စင်းဖြင့် ည ၆နာရီ မိနစ်၅၀နှင့် ၇နာရီမိနစ် ၅၀တို့တွင် လည်းကောင်း၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ဆေးဝါးမျိုးစုံနှင့် ဆက်သွယ်ရေးပစ္စည်းများ စုစုပေါင်း ၁၄တန်ကျော်သည် AT- MA လေယာဉ်ဖြင့် ည၈နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က နို့မှုန့် တန်၂၀ကျော်သည် ည ၁၀နာရီခွဲတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ချက်ချင်းဖြန့်ဝေ

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

စီမံ/စီးပွားဝန်ကြီး ဦးစိုးသာအား ဆွီဒင်နိုင်ငံသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၁၅

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ဆွီဒင်နိုင်ငံသံအမတ် Mr. Lennart Linner နှင့် ဆွီဒင်နိုင်ငံဆိုင်ရာဂုဏ်ထူးဆောင် မြန်မာကောင်စစ်ဝန် ဒေါက်တာမြင့်ဟန်တို့သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လာရောက်တွေ့ဆုံကြသည်။ (အပေါ်ပုံ)

ဆွေးနွေးတင်ပြ

ယင်းသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ သံအမတ်ကြီးက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ဆွီဒင်နိုင်ငံသားများကိုယ်စား များစွာ စာနာဝမ်းနည်းမိပါကြောင်း၊ ဆွီဒင်နိုင်ငံမှ ပေးပို့သည့် လေဘေးအကူအညီပစ္စည်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် လေဘေးသင့်ဒေသများသို့ အမြန်ဆုံးရောက်ရှိရန် အစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆွီဒင်နိုင်ငံ အစိုးရအနေဖြင့် အကူအညီများ ဆက်လက်ပံ့ပိုးရန်ရှိပါကြောင်းနှင့် လေဘေးသင့်ပြည်သူများအား ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ဝန်ကြီးက ဆိုင်ကလုန်းမုန်တိုင်း နာဂစ်သည် မေ၂ရက်ညနှင့် ၃ရက် နံနက်ပိုင်းတို့တွင် ဟိုင်းကြီးကျွန်းမှ အရှေ့မြောက်သို့ ဦးတည်၍ ဧရာဝတီတိုင်းရှိ မြို့နယ်အချို့နှင့် ရန်ကုန်တိုင်းရှိ မြို့နယ်များကို ဖြတ်၍ တိုက်ခတ်သွားကြောင်း၊ လေဘေးနှင့် ပင်လယ်ဒီရေ ထူးကဲစွာတက်မှုတို့ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း မြို့နယ်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းဖြစ်ပေါ်ပြီးနောက် တစ်ပြိုင်တည်း နိုင်ငံတော်မှ အရေးယူဆောင်ရွက်ပေးမှုအနေဖြင့် နေပြည်တော်တွင် ဗဟိုကော်မတီ အစည်းအဝေးကျင်းပ၍ နိုင်ငံတော် အကြီးအကဲက ဝန်ကြီးများကို လေဘေးသင့်ဒေသများသို့ ချက်ချင်းစေလွှတ်ကာ ကြပ်မတ်စီစဉ် ဆောင်ရွက်စေခဲ့ကြောင်း၊ ဝန်ကြီးချုပ် ကိုယ်တိုင်လည်း ချက်ချင်းပင် လေဘေးသင့်ဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် စီမံခန့်ခွဲခဲ့ကြောင်း။

ရှင်းလင်းပြောကြား

ကယ်ဆယ်ရေးစခန်းများကို အဆင့်ဆင့်ခွဲ၍ ဖွင့်လှစ်ဆောင်ရွက်ပေးနေကြောင်း၊ ရှေ့တန်းစခန်း ၁၂ခု၊ အလယ်တန်းစခန်း ခြောက်ခုနှင့် အခြေခံစခန်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးက အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတကာမှ ပေးပို့လာသော ကယ်ဆယ်ရေးပစ္စည်းများကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကယ်ဆယ်ရေးစခန်းများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ချက်ချင်းပေးပို့လျက်ရှိသည့် အစီအစဉ်များနှင့် နိုင်ငံတော်မှ နေရေး၊ စားရေး၊ ဝတ်ဆင်ရေး အပါအဝင် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဒုတိယအဆင့်

ဆက်လက်၍ ဝန်ကြီးက ပထမအဆင့်အနေနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ပြီးစီးသလောက်ရှိပြီဖြစ်ရာ ဒုတိယအဆင့်ဖြစ်သော ဒုက္ခသည်စခန်းများသို့ အကူအညီများ ဆက်လက်ပေးပို့ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သံအမတ်ကြီးက ဝန်ကြီး ရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဆွီဒင်နိုင်ငံအစိုးရအနေဖြင့် ဆက်လက်ပံ့ပိုးပေးမည့် အစီအစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်းများ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၁၄ရက် နံနက်ပိုင်းတွင် ပုသိမ်လေဆိပ်ရှိ ကယ်ဆယ်ရေးပစ္စည်း လက်ခံရေးနှင့် ဖြန့်ဖြူးရေးစခန်း၌ ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူးပြီးစီးမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဖြန့်ဖြူးပေးပို့ရန် ပစ္စည်းအမျိုးအစားအလိုက် ရွေးချယ်ထုတ်လုပ်မှု၊ AMT Group Co, Ltd. မှ ဦးလှမျိုး၊ ဦးစောငြိမ်းတို့က ပေးပို့လှူဒါန်းသော ငွေကျပ် ၂၂၇၀၀၀၀တန်ဖိုးရှိ စားသုံးဆီပီပါ ၆၀ကို မော်တော်ယာဉ်ပေါ်မှ တင်ချနေမှု၊ ရေလမ်းခရီးမှ လပွတ္တာမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့သို့ တင်ပို့ရန် မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် ပုသိမ်မြို့တွင် ထပ်မံဖွင့်လှစ်သည့် လေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သော အထက(၅)နှင့် အလက(၂)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ပုသိမ်မြို့သို့ လေဘေးသင့်ပြည်သူများ ရောက်ရှိမှုနှင့် ကယ်ဆယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်၍ နေထိုင်စားသောက်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လေဘေးသင့်ပြည်သူများအား ကျေးရွာအလိုက် စနစ်တကျစုဖွဲ့ထားရှိ နေရာချကာ လိုအပ်သော အမိုး၊ အကာ လုံခြုံမှုနှင့် အိမ်သာများ ပြုပြင်ဆောက်လုပ်ရေး၊ စခန်းတိုင်း၌ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ စီစဉ်ထားရှိဆောင်ရွက်ရေး၊ ကျေးရွာအလိုက် စုဖွဲ့နေရာချမှုတွင် လူဦးရေအလိုက် စာရင်းပြုစုရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိဖြန့်ဝေမှုများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ရောက်ရှိနေသော ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မွန်းလွဲပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထောက်ပံ့ရေး ပစ္စည်းများ တင်ဆောင်ထွက်ခွာကာ ဖျာပုံမြို့သို့ ရောက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က အားကစားကွင်းတွင် လေဘေးသင့် ပြည်သူများအတွက် ရွက်ဖျင်တဲများ ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် အများသုံးရေ ရရှိအောင် ဆောင်ရွက်ထားမှု၊ ဆေးခန်း၊ ရိက္ခာသိုလှောင်ရုံ၊ အိမ်သာနှင့် အများသုံးမီးဖို ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က လူသွားလမ်းများနှင့် ချိုင့်များကို ရေမဝပ်စေရန် စီစဉ်ဆောင်ရွက်ရေးမှာကြားကာ တင်ဆောင်လာသော လူခြောက်ဦးပါ မိသားစုတစ်စုစာအတွက် အဝတ်အထည်နှင့် မီးဖိုချောင်ပစ္စည်းများ ထည့်သွင်းထားသော အထုပ်များနှင့် မီးရရှိရေးအတွက် မီးစက်နှင့်မီးချောင်းများကို ပေးအပ်သည်။

ပြင်ဆင်ဆောင်ရွက်

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်တို့သည် ဖျာပုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူနေသော လေဘေးသင့်လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာဦးဝင်းအောင်နှင့် ပြည့်ဖြိုးအောင်ကုမ္ပဏီမှ တာဝန်ရှိသူတို့က မိမိတို့ ကုမ္ပဏီများမှ ဆေးရုံ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ခန်းမများ ပြင်ဆင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အရှိန်အဟုန်ဖြင့်

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် ဘိုကလေးမြို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က မိမိတာဝန်ယူထားသည့် ကျေးရွာများအနှံ့ ဖြန့်ခွဲရောက်ရှိပြီး ကျေးရွာများရှိ မူလလူဦးရေ၊ လက်ရှိလူဦးရေနှင့် အခြားကျေးရွာမှ ရောက်ရှိလာသော ဦးရေအလိုက် စာရင်းပြုစုတင်ပြရေး၊ ရေစုပ်စက်များ ရောက်ရှိချိန်တွင် သောက်သုံးရေကန်များကို ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး မှာကြားသည်။

အားပေးစကား

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးနှင့် တပ်မမှူးတို့သည် ဘိုကလေးမြို့နယ် ဆေးရုံတွင်ရောက်ရှိနေသောရေသန့်စက်များကိုကြည့်ရှု၍ ဆေးကုသမှု ခံယူနေသော လေဘေးသင့်လူနာများအား အားပေးစကားပြောကြားသည်။

ယင်းနောက် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် ဘိုကလေးမြို့မှ ထွက်ခွာကာ စက်ဆန်း၊ ကြိမ်ချောင်းနှင့် လှိုင်းဘုန်း ကျေးရွာများတွင် တပ်မတော်သားများ၏ အကူအညီဖြင့် ပေးပို့ရောက်ရှိလာသော မိုးကာတဲများ တည်ဆောက်နေမှု အခြေအနေများကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာ-ညောင်တုန်း (၃၃)ကေဗွီ ဓာတ်အားလိုင်းများ၊ တိုင်များ ပြုပြင်တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညောင်တုန်းနှင့်မအူပင်မြို့နယ်များ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနိုင်ရေးဆောင်ရွက်

ရန်ကုန် မေ ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၄ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ-ညောင်တုန်း (၃၃)ကေဗွီဓာတ်အားလိုင်းတိုင်များ ပြုပြင်တည်ဆောက်ခြင်း၊ မုန်တိုင်းဒဏ်ကြောင့် လဲကျပျက်စီးသော ဓာတ်အားလိုင်းတိုင်များအနက် ၁၆တိုင်ကို အစားထိုးတည်ဆောက်ခြင်းနှင့် လိုင်းကြိုးသွယ်တန်းခြင်း ပြီးစီးလျက်ရှိမှုအခြေအနေ၊ ဧရာဝတီတိုင်း ညောင်တုန်းနှင့် မအူပင်မြို့နယ်များသို့ လျှပ်စစ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံမှ ရွှေလင်ပန်းစက်မှုဇုန်နှင့် ဓာတ်အားခွဲရုံအမှတ်(၁)နှင့်(၂)သို့ သွယ်တန်းဓာတ်အားပို့လွှတ်သည့် (၃၃)ကေဗွီဓာတ်အားလိုင်းတိုင်များအား စက်ယန္တရားအသုံးပြု၍ ပြန်လည်ထိန်းသိမ်းတည့်မတ်ခြင်း၊ လိုင်းကြိုးဆွဲခြင်း၊ ကြွေသီးများတပ်ဆင်ခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး တပ်မတော် (ရေ)နှင့် တပ်မတော် (လေ)တို့ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၅

လေဘေးသင့်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော်(ရေ)မှ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ရက်တွင် ဖျာပုံမြို့နယ် အခြေပြု စစ်ရေယာဉ်တစ်စင်းမှ အရာရှိ၊ စစ်သည်များသည် နယ်မြေခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပူးပေါင်း၍ ဖျာပုံမှ အပြောင်ကျေးရွာသို့ ဒေသခံလှေများဖြင့် သွားရောက်ပြီး ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ မြစ်ကြောင်းတစ်လျှောက်ရှိ စံပြ၊ အချာလေး၊ အမော်၊ ကလယ်ထိပ်၊ ဘုန်းကြီးသောင် ကျေးရွာများသို့ သွားရောက်၍ ထိခိုက်ဒဏ်ရာရသူများ နှင့် ဆေးဝါးကုသရန် လိုအပ်သည့် လူနာများအား ကယ်ဆယ်ရေးစခန်းများ၌ ဆေးဝါးကုသနိုင်ရန် ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပို့ဆောင်ပေး

အလားတူ တပ်မတော်(လေ)မှလည်း ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ရက်တွင် ဘိုကလေး၊ လပွတ္တာ၊ ခရမ်း၊ သုံးခွ၊ ပုသိမ်၊ ဖျာပုံဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၃၁ဒသမ ၈တန်ကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၃၃၀ ဒသမ ၉၂တန်ကို လေဘေးသင့်အရပ် ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများ အလှူငွေနှင့်ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၅

လေဘေးသင့်ပြည်သူများအတွက် တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ လှူဒါန်းပွဲကို မေ ၁၃ရက် နံနက် ၉နာရီတွင် မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားပြီး စေတနာရှင်ပြည်သူများက အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

လှူဒါန်းငွေနှင့်ပစ္စည်း

တနင်္သာရီတိုင်းမှ စေတနာရှင် ပြည်သူများ၏ မေ ၁၃ရက် လှူဒါန်းမှုမှာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၃၀၀၊ ကမ်းရိုးတန်း ဒေသတိုင်း စစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀၀၊ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀သိန်း၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀သိန်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေး မိသားစုက ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ စားသုံးဆီပိဿာ ၁၀၀၀၊ ဦးလှသန်း မိသားစုက ငွေကျပ် ၂၀၅ သိန်းတန်ဖိုးရှိ ပစ္စည်းမျိုးစုံ၊ ထိုင်းနိုင်ငံ ရနောင်း ခရိုင်ဝန်နှင့်အဖွဲ့က ငွေကျပ် ၁၀၈သိန်း ၅သောင်း တန်ဖိုးရှိ ပစ္စည်းမျိုးစုံ၊ ဦးကျော်လွင် မိသားစုက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းမျိုးစုံ၊ ဦးတီပိုးက ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ သီတာရေလုပ်ငန်းက ငွေကျပ် ၈၁သိန်း ၅သောင်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ ဦးသုခမိသားစုက ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ ငါးသေတ္တာများ၊ ဦးမြသောင်းမိသားစုက ငွေကျပ်သိန်း၄၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်များ၊ ဦးစိန်ကား မိသားစုက ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ ပစ္စည်းမျိုးစုံ၊ ဦးတင်မြင့် မိသားစုက ငွေကျပ် ၃၇သိန်း၊ မြိတ်ဈေးသူ ဈေးသားများက ငွေကျပ် ၃၁၅၁၂၈၅ ကျပ်၊ အဆောင်ကောင်းကုမ္ပဏီက ငွေကျပ် သိန်း ၃၀၊ ဦးစိုးဝင်း မိသားစုက ငွေကျပ်သိန်း ၃၀၊ ဗင်းတော့ချ်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ ကော့သောင်းခရိုင်မှ မစ္စတာ ချိုင်ဂွန်နသန်က ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ ဦးစောဂျက် မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးခင်ဝင်း မိသားစုက ငွေကျပ် ၁၆၃၂၀၀၀၊ ဖိုးလမင်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စားသုံးဆီ၊ မြန်မာ M.S.C ကိုရီးယားကုမ္ပဏီက ငွေကျပ် ၁၁ သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ဝန်ထမ်းမိသားစုက ငွေကျပ် ၁၀ သိန်း၊ နေလစတိုးက ငွေကျပ် ၁၀ သိန်း၊ M.T.O ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဦးကျော်စိမ်း မိသားစုက ငွေကျပ် ၁၀သိန်း အပါအဝင် စေတနာရှင်များ၏ လှူဒါန်းငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁၅၄၅၈၃၂၈၅ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ဒဂုံမြို့သစ်(တောင်ပိုင်း)လေဘေးကယ်ဆယ်ရေးစခန်းများ၌ လေဘေးဒဏ်ခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေး

ရန်ကုန် မေ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း လေဘေးသင့် ပြည်သူများအား မြို့နယ်အလိုက် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများ၏ ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်ထားရှိရန်နှင့် လက်ရှိရောဂါကူးစက်မှုထိန်းချုပ်ထားနိုင်မှု အခြေအနေကို ဆက်လက် ထိန်းသိမ်းထားနိုင်အောင် ကြိုးစားသွားကြရန် မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) (၅၅) ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၊ အမှတ်(၅၄)ရပ်ကွက် ပုဂံလမ်းရှိ သာသနဇေဗမ္ဗာရုံ ကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၁၇) ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်းများရှိ ကျန်းမာရေးဆေးပေးခန်း၊ မိသားစုများ ရွက်ဖျင်တဲများဖြင့် နေထိုင်မှု အခြေအနေများနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများ၏ မိသားစု နေထိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းခရီးဖြင့် အဆက်မပြတ်ရောက်ရှိ

ရန်ကုန် မေ ၁၅

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ မေ ၆ရက်မှစ၍ မေ ၁၄ ရက်အထိ အလှူရှင်နိုင်ငံ ၁၀ နိုင်ငံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေယာဉ်ခေါက်ရေ (၃၀)ဖြင့် လည်းကောင်း၊ သီလဝါဆိပ်ကမ်းသို့ စစ်သင်္ဘောနှစ်စင်းဖြင့်လည်းကောင်း ပေးပို့ခဲ့ပြီးဖြစ်သည်။ ရက်စွဲအလိုက် ပေးပို့ခဲ့သည့် အလှူရှင်နိုင်ငံများ၏ လေယာဉ်အမျိုးအစား၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ကုန်တန်ချိန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အလှူရှင်နိုင်ငံ	ရက်စွဲ	လေယာဉ်အမျိုးအစား	ကုန်ပစ္စည်းအမျိုးအစား	ကုန်တန်ချိန်
၁	ထိုင်း	၆-၅-၂၀၀၈	C-130	အစားအစာ၊ရေ၊ဆေးဝါး	၃.၇
		၇-၅-၂၀၀၈	C-130	အစားအစာ၊ရေ၊ဆီ	၁၁.၀
		၈-၅-၂၀၀၈	C-130	အစားအစာ၊ရေ	၁၅
		၁၀-၅-၂၀၀၈	C-130	ရွက်ဖျင်တဲ၊ ပလတ်စတစ်	၁၄.၅
		၁၀-၅-၂၀၀၈	C-130	အစားအစာ၊မီးစက်	၁၇.၃
		၁၁-၅-၂၀၀၈	C-130	ရွက်ဖျင်တဲ၊မီးဖိုချောင်သုံးပစ္စည်း	၁၃
		၁၃-၅-၂၀၀၈	C-130	အစားအစာ	၁၃.၈
		၁၄-၅-၂၀၀၈	C-130	အစားအစာ၊အဝတ်အထည်၊ဆပ်ပြာ	၁၄.၂၈
		၁၄-၅-၂၀၀၈	C-130	အစားအစာ၊ဆေး	၁၅
၂	အိန္ဒိယ	၇-၅-၂၀၀၈	AN-32	အစားအစာ	၄.၂
		၇-၅-၂၀၀၈	AN-32	အစားအစာ	၄
		၈-၅-၂၀၀၈	IL-76MD	ရွက်ဖျင်တဲပစ္စည်းများ	၃၁.၈၇
		၁၀-၅-၂၀၀၈	IL-76	ဆေး၊အိမ်သုံးပစ္စည်း	၃.၄
		၁၂-၅-၂၀၀၈	IL-76	အစားအစာ	၂၈.၁
၃	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၇-၅-၂၀၀၈	B-747-400	ရွက်ဖျင်တဲ၊အစားအစာ	၆၂.၆၇
		၉-၅-၂၀၀၈	B-747-400	ရွက်ဖျင်တဲ၊အစားအစာ ရေသန့်စက်၊ပလတ်စတစ်	၆၀
		၁၀-၅-၂၀၀၈	B-747-400	ရွက်ဖျင်တဲ၊ရေသန့်စက် ဆေးဝါး၊စောင်	၅၈.၃
၄	အင်ဒိုနီးရှား	၉-၅-၂၀၀၈	C-130	အဝတ်အထည်၊အစားအစာ	၁၀
		၉-၅-၂၀၀၈	C-130	အဝတ်အထည်၊အစားအစာ	၁၂.၅
၅	ကိုရီးယား	၉-၅-၂၀၀၈	TG-300-600	အစားအစာ၊ဆေးဝါး	၃.၅
၆	လာအို	၇-၅-၂၀၀၈	Y7-100	ခေါက်ဆွဲခြောက်၊အစားအစာ၊ရေ	၃
၇	ကမ္ဘောဒီးယား	၉-၅-၂၀၀၈	AN-12	အစားအစာ	၁၈
၈	မလေးရှား	၉-၅-၂၀၀၈	MX-740	ဆေးဝါးမျိုးစုံ၊အစားအစာ	၂.၉
		၁၁-၅-၂၀၀၈	AX-26	လူသုံးကုန်	၅.၃
		၁၂-၅-၂၀၀၈	C-130	အဝတ်အထည်၊အစားအစာ	၂၇
		၁၂-၅-၂၀၀၈	C-130	ဆောက်လုပ်ရေးပစ္စည်း၊ဆေးဝါး	၆.၉၉
၉	ဘင်္ဂလားဒေ့ရှ်	၇-၅-၂၀၀၈	C-130	အဝတ်အထည်၊ဆေးဝါး	၉.၆
		၈-၅-၂၀၀၈	C-130	အဝတ်အထည်၊ဆေးဝါး	၁၀
၁၀	စင်ကာပူ	၈-၅-၂၀၀၈	A-320	ချောကလက်၊ရေသန့်ဘူး	၁၉.၁
		၈-၅-၂၀၀၈	A-320	ဆေးပစ္စည်းနှင့်ရေသန့်ဘူး	၁၉.၁

(ဆက်လက်ဖော်ပြပါမည်)

ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

ရန်ကုန် မေ ၁၅

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ရန်ကုန်မြို့မှ တပ်မတော် ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်သယ်ဆောင်ပေးပို့ရာ အစားအစာရိက္ခာခြောက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ သင်္ကန်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ရေသန့်ဘူးများအပါအဝင် စုစုပေါင်းအလေးချိန် ကီလိုဂရမ် ၁၁၃၅၀ ကို ဘိုကလေး၊ ဖျာပုံနှင့် လပွတ္တာမြို့နယ်များရှိ သွားရေးလာရေးခက်ခဲသော ကျေးရွာများအရောက် သယ်ဆောင်ပေးပို့ ထောက်ပံ့နိုင်ခဲ့သည်။

ပံ့ပိုးကူညီ

ထိုသို့ သယ်ဆောင်ပေးပို့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများသည် ကယ်ဆယ်ရေးလုပ်ငန်းများ၌ လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန် လိုက်ပါသွားကြသည်။**(သတင်းစဉ်)**

ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ သင်္ဘောကြီးများဖြင့် ဆက်လက်ပေးပို့

ရန်ကုန် မေ ၁၅

ဧရာဝတီတိုင်းရှိ လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများကို အဆက်မပြတ် ဆက်လက်ပေးပို့လျက်ရှိရာ ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းဆိပ်ခံတံတားမှ ငါးပုတ်သင်သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်း ၃၅ မျိုး၊ တန်ချိန် ၁၆၀ ကို တင်ဆောင်၍ မေ ၁၄ ရက် ည ၇နာရီတွင် ဒေးဒရဲမြို့နှင့် ဖျာပုံမြို့များသို့လည်းကောင်း၊ ဝင်းစိန်(၁)သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၂၀၀ ခန့်ကို တင်ဆောင်၍ ယနေ့နံနက် ၁၁ နာရီခွဲတွင် ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့လည်းကောင်း၊ ဘုန်းကြီးလမ်းအမှတ်(၁)ဆိပ်ခံတံတားမှ စိန်တိုးမြတ်သင်္ဘောသည် ထောက်ပံ့ရေးပစ္စည်း ၆၉ တန်ကိုတင်ဆောင်၍ ညနေ ၄ နာရီတွင် ဘိုကလေးနှင့် မော်လမြိုင်ကျွန်းမြို့များသို့လည်းကောင်း အသီးသီးထွက်ခွာသွားကြသည်။

တင်ဆောင်

သင်္ဘောကြီးများပေါ်တွင် နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ စောင်များ၊ ရေသန့်ဘူးများ၊ ရေသန့်စင်စက်များ၊ သွပ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ မိုးကာများ၊မိုးကာလိပ်များ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ စားသုံးဆီများ၊ဆေးနှင့် ဆေးပစ္စည်းများ၊ ကြက်ခြေနီတပ်ဖွဲ့သုံးပစ္စည်းများ၊ လက်နှိပ်ဓာတ်မီးများစသည့် ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်သွားကြသည်။

အလားတူ လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့နိုင်ရန်အတွက် မေခသင်္ဘော၊ မလိခသင်္ဘော၊ အောင်စန်းမော်သင်္ဘောနှင့် ပြည့်ဝအောင်သင်္ဘောတို့သည် အဆိုပါ ဆိပ်ခံတံတားများ၌ ထောက်ပံ့ရေးပစ္စည်းများ နေ့ရောညပါ မနားမနေ တင်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ယနေ့အထိ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုအခြေအနေ

နေပြည်တော် မေ ၁၅

မေ ၂ရက်နှင့် ၃ရက်အတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှုမှာ မေ ၁၅ရက် ညနေ ၆ နာရီအထိ ရရှိသော စာရင်းများအရ မုန်တိုင်းဒဏ်ခံရသော ဒေသအားလုံးတွင် ယနေ့အထိ သေဆုံးသူ စုစုပေါင်းမှာ ၄၃၃၁၈ဦး၊ ဒဏ်ရာရသူ စုစုပေါင်းမှာ ၁၄၀၃ ဦး၊ ပျောက်ဆုံးသူ စုစုပေါင်းမှာ ၂၇၈၃၈ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်နောက်ဆက်တွဲသတင်း

ကယ်ဆယ်ရေးအဖွဲ့များ စီချွမ်ပြည်နယ်၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်၌ငလျင်ကြောင့် သေဆုံးသူဦးရေ ၁၉၅၀၀ ရှိလာ ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

စီချွမ် မေ ၁၅

တရုတ်နိုင်ငံတွင် မေ ၁၂ ရက်က ရစ်ချ်တာစကေး ၇ဒသမ ၉ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ သေဆုံးသူဦးရေမှာ ၁၅၀၀၀ ရှိသွားပြီဖြစ်ကြောင်း မေ ၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆၌ ဖော်ပြခဲ့ရာ ယခုမေ ၁၅ ရက်ညပိုင်း၌ သေဆုံးသူဦးရေ ၁၉၅၀၀ အထိ ရှိလာပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ထို့အပြင် အပျက်အစီးများကြားတွင် လူ ၂၆၀၀၀ခန့်မှာ ပိတ်မိနေပြီး သေဆုံးသူဦးရေ ငါးသောင်းကျော်အထိ ရှိလာနိုင်ကြောင်း ခန့်မှန်းပြောကြားသည်။

ကြုံတွေ့

ယင်းငလျင်၏ဒဏ်ကို စီချွမ်ပြည်နယ်ရှိ ပြည်သူ ၁၀သန်း ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါငလျင်ကြောင့် ယင်းပြည်နယ်ရှိ မြို့ရွာများ ဆိုးရွားစွာ ပျက်စီးခဲ့ကြရကြောင်း အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

ကယ်ဆယ်ရေး

အင်အားပြင်းငလျင်၏ဘေးဒဏ်ကို ခံစားခဲ့ရသော စီချွမ်ပြည်နယ်ရှိ ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကာ အကူအညီပေးနိုင်ရန်အတွက် တရုတ်အစိုးရက တပ်ဖွဲ့ဝင် ၅၀၀၀၀ စေလွှတ်ထားသည့်အပြင် နောက်ထပ် တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်ရန် စီစဉ်နေသည်။ ယင်းဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသော ရဟတ်ယာဉ်၁၁စင်းအပြင် အစင်း ၉၀ ထပ်မံ စေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

● **ကျောဖုံးမှ**

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် မေ ၁၃ရက်တွင် ဟိုင်းကြီးကျွန်းမြို့ အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ စတင်၍ ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုပြီး အခြေခံပညာ အထက်တန်းကျောင်း၌ လေဘေးဒဏ်ခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီမှပေးပို့သော ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို လေဘေးဒဏ်ခံ ပြည်သူများထံ အမြန်ရောက်ရှိရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် မေ ၁၄ရက် နံနက်ပိုင်းတွင် ဟိုင်းကြီး ကျွန်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ စေတနာရှင် လူငယ်ဆရာဝန်များအဖွဲ့မှ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

ထိုမှတစ်ဆင့် ရေယာဉ်ဖြင့် ဟိုင်းကြီးကျွန်းမြို့ရှိ ကံချိုင်ရွာ၊ ကျောက်ချောင်းရွာ၊ ကညင်ချောင်းတောင်နှင့် တညင်ချောင်းမြောက်ရွာ၊ ကုန်းတန်းရွာ၊ မဲခရဲရွာများ၌ လေဘေးဒဏ်သင့်ပြည်သူများအား အားပေးစကားပြောကြားပြီး အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှပေးပို့သော ကယ်ဆယ်ရေးနှင့် ထောက်ပံ့ ပစ္စည်းများကို ပေးအပ်ကာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လေဘေးဒဏ်ခံ ပြည်သူများထံ အမြန်ရောက်ရှိရေးလုပ်ငန်းများ၊ ရေချိုရရှိရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ကဆုန်အထူးတရားပွဲ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ကဆုန် ညောင်ရေသွန်း အထူးတရားပွဲကျင်းပမည် ဖြစ်ရာ မေ ၁၈ရက်တွင် အဂ္ဂမဟာ ဂန္ထ ဝါစက အရှင်သုစိတ္တ နေနတ်သား စာသင် တိုက်၊ ၁၉ရက်နှင့်၂၀ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေ ဖြူးဆရာတော် အရှင် နရပတိ၊၂၁ရက်နှင့် ၂၂ရက်တွင် ပြည်တွင်း ပြည်ပ မိုးကုတ်ဓမ္မကထိက အရှင်ပုညာနန္ဒ နှင့် ၂၃ရက်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) ခင်မကန်ကျောင်းတိုက် နယ်လှည့်ဓမ္မကထိက အရှင်ခေမိန္ဒ၊ ၂၅ရက် တွင် ရွှေညဝါဆရာတော် အရှင်ပညာ သီဟကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ကြည့်ရှုစစ်ဆေး

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး မုန်တိုင်းဒဏ်သင့်ဒေသများသို့ပို့ဆောင်မည့် အာလူး၊ ကြက်သွန်နီ အိတ်များ ရွှေညောင်ဘူတာ၌ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၅

လေဘေးသင့် ပြည်သူများအတွက် အလှူရှင်များက ဆက်လက်လှူဒါန်းလျက် ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)သို့ Super One International Co,Ltd. မှ တန်ဖိုး ၁၀၂ ဒသမ ၅ သိန်း ရှိသော ကော်ဖီမစ် အထုပ်ရေ ၁၂၅၀၀၀၊ ZTE Corporation မှ အမေရိကန် ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိသော စောင် အထည် ၂၀၀၀အား မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှတစ်ဆင့် ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ စာမူများဖိတ်ခေါ်

ရန်ကုန် မေ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ၂၀၀၈ခုနှစ် ဇွန် ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲနှင့် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲကို ၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော(Kick the Habit: Towards a Low Carbon Economy) **"ကာဗွန်လျှော့ချထုတ်လုပ်ရေး၊ အမူအကျင့်ဟောင်းများစွန့်လွှတ်ပေး"** ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

လေ့ကျင့်ပျိုးထောင်

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့လူသားတိုင်း အလေးထားရမည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း သတိပြုမိနိုင်စေရန်နှင့် စွမ်းအင်ရရှိမှုအတွက် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုများလျှော့ချရန်၊ အထူးသဖြင့် ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသည့် Green house Gas ဓာတ်ငွေ့များအား ကမ္ဘာ့လေထုအတွင်းသို့ ထုတ်လွှတ်နေမှုများ လျှော့ချနိုင်ရန်အတွက် ကမ္ဘာ့ရာသီဥတုကို ဆိုးရွားစွာ ပြောင်းလဲလာစေသည့် မိမိတို့ ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေကြသည့် အမူအကျင့်ဟောင်းများကို စွန့်လွှတ်၍ သင့်တင့်မျှတကောင်းမွန်သော ရာသီဥတုဖြစ်လာစေရန်နှင့် ကာဗွန်ဓာတ်ငွေ့များ လျော့ပါးသော ကမ္ဘာကြီးပေါ်တွင် အေးချမ်းစွာ နေထိုင်နိုင်ကြစေရန်အတွက် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေမည့် နည်းပညာရပ်များ (ဥပမာ-နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်အသုံးပြုမှု)ကို အသုံးပြုကြရန်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် အမူအကျင့်ကောင်းများ လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ကြရန် အထူးလိုအပ်နေသည်။

ဖိတ်ခေါ်

ထိုသို့ဆောင်ရွက်သင့်သည့် လုပ်ငန်းအချက်အလက်များ အပါအဝင် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ထိုက်တန်စွာ

ဆောင်းပါးနှင့် စာစီစာကုံးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာတွင် ကွန်ပျူတာဖြင့် (Win-Innwa Font Size 17 သို့မဟုတ် Myanmar Unicode Myanmar 2 Font Size 17) Line spacing 1.5 lines ဖြင့် စာစီ ရေးသားရမည်ဖြစ်သည်။ အဆင့်မီသော ဆောင်းပါးနှင့် စာစီစာကုံး ဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် ၂၀၀၈ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။

ပေးပို့

ပြိုင်ပွဲဝင် ဆောင်းပါးနှင့် စာစီစာကုံးများကို ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ တို့နှင့်အတူ ၂၀၀၈ခုနှစ် မေ ၂၃ရက် နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာ ဝန်ကြီးဌာန ရုံးအမှတ်-၂၈ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ကြရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

လေမုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပြည်သူများက အလှူငွေနှင့် ကြက်သွန်အိတ်များလှူဒါန်း

ရန်ကုန် မေ ၁၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဇနီးနှင့်တာဝန်ရှိသူများသည် မေ ၁၃ ရက် ညနေ ၅ နာရီတွင် ရွှေညောင်ဘူတာသို့ ရောက်ရှိကြပြီး လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသမှ ပြည်သူများက လှူဒါန်းသော အာလူး၊ ကြက်သွန်နီအိတ်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးရထားဝန်ထမ်းများက တက်ညီ လက်ညီ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။ **(သတင်းစဉ်)**

ဟိုင်းကြီးကျွန်းမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ စေတနာရှင် လူငယ်ဆရာဝန်များအဖွဲ့ အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်

ရန်ကုန် မေ ၁၅

ဒေါက်တာဒေါ်အေးခိုင်သွင်ဦးဆောင်သော စေတနာရှင်လူငယ်ဆရာဝန်များအဖွဲ့သည် ဆေးဝါးပစ္စည်းမျိုးစုံ၊ အဝတ်အထည်များ ငွေကျပ် ၃၈သိန်းကျော်ဖိုးတို့ကို တင်ဆောင်၍ အမြန်ယာဉ်ဖြင့် ဟိုင်းကြီးကျွန်းမြို့သို့ မေ ၁၃ ရက် ညနေ ၄ နာရီတွင် ရောက်ရှိပြီး မေးခိုင်ကာကွယ်ဆေးများထိုးခြင်းနှင့် အနီးကပ်ပြုစုကုသပေးခြင်းတို့ကို ည ၉ နာရီခွဲအထိ ဆောင်ရွက်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါအဖွဲ့သည် နံနက် ၇ နာရီတွင် တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးပစ္စည်းမျိုးစုံကို ဟိုင်းကြီး၊ ကျောက်ချောင်း၊ ပြင်ခရိုင် တိုက်နယ်ဆရာဝန်များထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ်ရဲစခန်း၊ ရပ်ကွက်နှင့် ကျေးရွာများတွင် ထိခိုက်ဖျားနာသော ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၀၀ ခန့်အား ပြုစုကုသပေးခဲ့ပြီး လူဦးရေ ၇၀၀ ကျော်အား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးကာ အရေးပေါ်သုံး ဆေးဝါးပစ္စည်း မျိုးစုံကို ခွဲဝေလှူဒါန်းပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးဒဏ်သင့်သူများအား ပြည်သူများနှင့် နိုင်ငံတကာမှ လှူဒါန်းသည့် ပစ္စည်းမျ

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကမာကလူကျေးရွာသို့ ထောက်ပံ့ရေးပစ္စည်းများ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

သယ်ယူပို့ဆောင်

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများကို ဆိပ်ကမ်းမြို့နယ် အမှတ်(၁) ဆိပ်ခံတံတားနှင့် ဝါးတန်းလမ်း ဆိပ်ခံတံတားတို့တွင် သင်္ဘောကြီးများပေါ်သို့ ပြည်တွင်းကုန်တင်ကုန်ချကော်မတီမှ လုပ်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက သယ်ယူပို့ဆောင်ပေးကြစဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် ကျေးရွာများမှ လေဘေးသင့်ခံရသောမိသားစုများ နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်းထားသော ရွက်ဖျင်တဲများတွင် ပြည်တွင်းပြည်ပမှ လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ နေထိုင်နေကြစဉ်။ (သတင်းစဉ်)

ဒါနပြုပေးဝေ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် သင်္ဘောကြီးများပေါ်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်နေကြသည့် ပြည်တွင်းကုန်တင်ကုန်ချကော်မတီမှ လုပ်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား အချိုရည်၊ ရေသန့်ဘူးနှင့်မုန့်များကို ဒါနပြုပေးဝေကြစဉ်။ (သတင်းစဉ်)

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျေးရွာများရှိ လေဘေးသင့် ခံရသောမိသားစုများအား ဝေငှပေးသည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် စင်ကာပူနိုင်ငံရှိ Khoo Tect Puat မှ စောင်များ၊ မြေခင်းများ၊ ရေသန့်ဘူးသေတ္တာများ၊ ကွေကာအုပ်သေတ္တာများ၊ ဘီစကွတ်ပါကင်များ၊ အိပ်ရာများ MI-512 နှင့် MI-518 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ါန်းသည့် ပစ္စည်းများထောက်ပံ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် Baiyoke Hotel Group Eagle and Sea မှ အစားအသောက်များ၊ အဝတ်အထည်များ 8M - 332 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။(သတင်းစဉ်)

ထောက်ပံ့ပစ္စည်းများပေးအပ်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းရွာ၌ လေဘေးသင့်ခံရသော ပြည်သူများအား အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ပေးပို့သော ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျေးရွာများရှိ လေဘေးသင့်ခံရသောလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျေးရွာများရှိ လေဘေးသင့် ခံရသော မိသားစုများအား ဝေငှပေးသည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် စင်ကာပူနိုင်ငံရှိ Khoo Tect Puat မှ စောင်များ၊ မြေခင်းများ၊ ရေသန့်ဘူးသေတ္တာများ၊ ကြွေကာအုပ်သေတ္တာများ၊ ဘီစကွတ်ပါကင်များ၊ အိပ်ရာများ MI-512 နှင့် MI-518 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အစည်းအဝေး (၉/၂၀၀၈)ကျင်းပ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေး(၉/၂၀၀၈)ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေး ညှိနှိုင်းကြသည်။

ညှိနှိုင်းဆုံးဖြတ်

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ သင်္ဘောကြီးများပေါ်သို့ လက်ဆင့်ကမ်း စနစ်ဖြင့် သယ်ဆောင်

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ငွေးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၃၀၀ ကျော်တို့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိသည့် ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားနှင့် ဝါးတန်းလမ်း ဆိပ်ခံတံတားတို့သို့ သွားရောက်၍ သင်္ဘောကြီးများပေါ်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ရာ၌ လက်ဆင့်ကမ်းစနစ်ဖြင့် သယ်ဆောင်၍ပါဝင်ဆောင်ရွက်ကြသည်။

ဒါနပြုပေးဝေ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ငွေးနှင့် အဖွဲ့ဝင်များသည် သင်္ဘောကြီးများပေါ်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်နေကြသည့် ပြည်တွင်းကုန်တင်ကုန်ချကော်မတီမှ လုပ်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အချိုရည်၊ ရေသန့်ဘူးနှင့် မုန့်များကို ဒါနပြုပေးဝေကြသည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းကြည့်ရှု

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့အခြေစိုက် နိုင်ငံခြားသံတမန်များ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းတွင် လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ကျောက်တန်းမြို့နယ်တို့ရှိကယ်ဆယ်ရေးစခန်းများ ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့အခြေစိုက် နိုင်ငံခြားသံတမန်များ ကြည့်ရှု

ရန်ကုန် မေ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့ အခြေစိုက် နိုင်ငံခြားသံတမန်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှင့် ကျောက်တန်း မြို့နယ်များသို့ သွားရောက်ကြည့်ရှုကြသည်။

ကြည့်ရှု

ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ မွန်းလွဲ ၂ နာရီ ၄၅မိနစ်တွင် ရောက်ရှိကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ သံတမန်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ ယင်းနောက် သံတမန်များသည် လေဘေးကယ်ဆယ်ရေးစခန်း အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဖြေကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် ဆင်ကန် လေဘေးကယ်ဆယ်ရေးစခန်းသို့ ညနေ ၄ နာရီတွင် ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မိုးအောင်၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများက ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ သံတမန်များ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ ယင်းနောက် သံတမန်များသည် ကျောက်တန်းမြို့ အတွင်း ပျက်စီးဆုံးရှုံးမှုများကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အလှူရှင်များက မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၅

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက်ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများက ငွေကျပ် ၉၁၀၄၅၅၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ပြည်သူများက ငွေကျပ် ၁၃၇၂၇၂၅ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများက ငွေကျပ် ၅၇၀၂၇၀၀ နှင့် ငွေကျပ် ၃၃၉၁၆၅၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ် ၄၂၄၂၅၃၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ၊ ရေသန့်စက်တစ်လုံးနှင့် ရေသန့်ဘူးများ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ၊ မွန်ပြည်နယ်မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၂၇၇၃၀၀၀၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၆၀၈၇၅၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံ၊ ရန်ကုန်တိုင်းမှ ပြည်သူများက ငွေကျပ် ၁၁၉၀၀၀၀၀၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၅၂၁၅၄၇၅၆တန်ဖိုးရှိစောင်များ၊ ဆေးပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၇၁၁၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက်မှ ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၂၆၇သိန်းနှင့် ငွေကျပ် သိန်း ၁၁၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

စုစုပေါင်းတန်ဖိုး

စေတနာရှင်အလှူရှင်များ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၉၀၃၂၃၁၉၁ ဖြစ်ပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းသည့် ငွေကျပ် ၁၂၀၁၂၁၂၄၃၀ အပါအဝင် မေ ၁၅ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၇၃၇၈၈၀၅၆၇၅ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပီတ်သတင်း

လေဂို့စ်မြို့၌ ရေနံပိုက်လိုင်းပေါက်ကွဲ

လေဂို့စ် မေ ၁၅

နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ မေ ၁၅ရက်က ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၀၀သေဆုံးသွားကြောင်း ဒေသဆိုင်ရာ ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

မီးလောင်

အဆိုပါ ရေနံပိုက်လိုင်းပေါက်ကွဲမှုဖြစ်စဉ်မှာ အီဂျီဂန် ဆင်ခြေဖုံးရပ်၌ မြေထိုးစက်တစ်စီးဖြင့် ရေနံပိုက်လိုင်းကို ထိုးဖောက်ခဲ့ရာ အနီးရှိပိုက်လိုင်းပေါက်ကွဲပြီး အိမ်များနှင့် ကျောင်းများ မီးစွဲလောင်မှု ဖြစ်ပွားခဲ့သည်။ လူအများအပြား သေဆုံးပြီး နေအိမ်များလည်း မီးလောင်လျက်ရှိကြောင်း ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။

(အင်တာနက်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကော့သောင်းခရိုင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ မေ ၁၀ ရက် နံနက်၆နာရီတွင် တစ်ပြိုင်နက်တည်း ကျင်းပရာ ကော့သောင်းမြို့နယ်ရှိ မဲရုံပေါင်း ၅၇ရုံ၊ဘုတ်ပြင်းမြို့နယ်ရှိ မဲရုံပေါင်း၆၄ရုံ စုစုပေါင်း ၁၂၁ရုံတို့၌ ပြည်သူများ ဆန္ဒမဲ ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

16-5 (10).pmd 1 5/16/2008, 2:34 AM

လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှု စွမ်းအင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မေ၁၃ရက် နံနက်ပိုင်းက ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်ထားသည့် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ရောက်ရှိပြီး လေဘေးသင့် ပြည်သူများအတွက် မိုးကာတဲများ၊ အစားအသောက်၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်သည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့မှ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို ရဟတ်ယာဉ်ဖြင့် တင်ဆောင်ပြီး ကျုံ့ဒါးကျေးရွာများအနီးတွင် ဖွင့်လှစ်တည်ဆောက်လျက်ရှိသော ကျုံ့ဒါးကယ်ဆယ်ရေးစခန်းသို့ ပေးပို့ခဲ့သည်။**(အပေါ်ပုံ)** ဝန်ကြီးသည် ကယ်ဆယ်ရေးစခန်းရှိ တာဝန်ခံများနှင့် စခန်းတည်ဆောက်မှုအခြေအနေ၊ လေဘေးသင့်ပြည်သူများအား လက်ခံထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ လေဘေးသင့်ပြည်သူများအတွက် ဆေးဝါးနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁၅

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးနှင့်အလှူငွေများ ပထမအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၀သိန်း၊ Success & Success In'l Ltd. က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ T.C. W Int'l Trading Co.,Ltd. က ငွေကျပ် ၉၇၄၄၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ United Pharma (Yangon) Co., Ltd. က ငွေကျပ် ၅၁၄၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Thukha Dana Co., Ltd. က ငွေကျပ် ၅၀၅၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Zydus Cadila Healthcare Ltd.က ငွေကျပ်သိန်း၅၀ တန်ဖိုးရှိ ဆေးဝါးများ၊ Concordia Int'l Co.,Ltd. က ငွေကျပ်၃၀၀၁၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Medi Myanmar Co.,Ltd. က ငွေကျပ် ၃၁၀၂၉၇၀ တန်ဖိုးရှိ ဆေးဝါးများ၊ R.Oasis Ltd. က ငွေကျပ်၂၇၁၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Pyerx Trading Co.,Ltd. က ငွေကျပ်၂၅၂၆၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Fair Deal Co.,Ltd. က ငွေ ၂၅၀၀၀၃၃ကျပ်တန်ဖိုးရှိ ဆေးဝါးများ၊ Pt Kalbe Farma Tbk က ငွေကျပ် ၂၄၂၈၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Thet Paing Soe Co.,Ltd. က ငွေကျပ် ၁၇၈၉၉၂၀ တန်ဖိုးရှိ ဆေးဝါးများ၊ T.T.O Trading Co.,Ltd. က ငွေကျပ် ၁၇၅၀၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Glaxo Smith Kline Co.,Ltd. က ငွေကျပ်၁၅၉၂၀၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Pahtama Group Co.,Ltd. က ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ Zizawa Healthcare Co.,Ltd. က ငွေကျပ် ၁၂သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ Torrent Pharmaceuticals Ltd. က ငွေကျပ် ၁၁၈၇၀၀၀တန်ဖိုးရှိ ဆေးဝါးများ၊ Sun Pharmaceutical Industries Ltd. က ငွေကျပ် ၁၁သိန်း၊ Zar & Zar Co.,Ltd. က ငွေကျပ်၁၁သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ Medi Power Co.,Ltd. က ငွေကျပ် ၁၀၆၀၈၀၀ တန်ဖိုးရှိ ဆေးဝါးများ၊ Net Work Marketing Ltd. က ငွေကျပ် ၁၀၁၂၈၀၀တန်ဖိုးရှိ ဆေးဝါးများကို လှူဒါန်းကြပြီး ကျန်းမာ ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** **(သတင်းစဉ်)**

မုန်တိုင်းဒဏ်သင့်ဒေသများမှ သေဆုံးသွားခဲ့ကြသူများနှင့် ပြည်သူများအတွက် ကိုးကွယ်ရာဘာသာအလိုက် ဆုတောင်းပွဲများကျင်းပ

ရန်ကုန် မေ ၁၅

မုန်တိုင်းဒဏ်သင့် ဒေသများမှ သေဆုံးသွားခဲ့ကြသူများနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဘာသာပေါင်းစုံတို့မှ မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ အမျှဝေ ဆုတောင်းပွဲများကို ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကျင်းပကြရာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ဗုဒ္ဓဘာသာဝင်များက လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ တြိနတိကသီဒယ်ဘုရားကျောင်း၌ ခရစ်ယာန်ဘာသာဝင်များက လည်းကောင်း၊ ဗိုလ်ဆွန်ပက်လမ်းရှိ ကျူလီယာဂျာမေ ဗလီခန်းမ၌ အစ္စလာမ် ဘာသာဝင်များက လည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းရှိ စန္ဒီမယ်တော်မဟာပိန္နဲဘုရားကျောင်း၌ ဟိန္ဒူဘာသာဝင်များက လည်းကောင်း အသီးသီး သက်ဆိုင်ရာ ဘာသာဓလေ့ထုံးစံများနှင့်အညီ ဆုတောင်းမေတ္တာပို့သ၍ အမျှပေးဝေကာ ဝတ်ပြုဆုတောင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၅

ဧရာဝတီတိုင်း ဘိုကလေးမြို့တွင် လေဘေးသင့် ပြည်သူများအတွက် ပေးပို့ လှူဒါန်းခဲ့သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ စားသောက်စရာများနှင့် ဆေးဝါးများ အဆက်မပြတ်ရောက်ရှိရာ မေ ၁၃ ရက်က ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းသော **Enduro Yamaha** စက်လှေ ရှစ်စင်းသည် ဘိုကလေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည်။

ထို့အပြင် အိမ်အမိုးသွပ်များကို လည်း တစ်ပေလျှင် ကျပ်၇၀၀နှုန်းဖြင့် လေဘေးသင့် ပြည်သူများ လိုအပ်သလောက်ကို တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ရောင်းချပေးလျက်ရှိကြောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်းတွင်လည်း နိုင်ငံတကာမှလှူဒါန်းထားသော ရွက်ဖျင်တဲများကို တပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောက်လုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးဒဏ်ခံရသူပြည်သူများအတွက် အာလူးများတင်ပို့

တောင်ကြီး မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများ လှူဒါန်းခဲ့သည့် လေဘေးသင့် ပြည်သူများအတွက် အာလူးများအား မြန်မာ့မီးရထား တိုင်း(၄)မှ ၃၂တန်တွဲ သုံးတွဲ စုစုပေါင်း ၉၆တန်အား ရွှေညောင်ဘူတာမှ ရန်ကုန်မြို့သို့ မေ၁၃ရက်တွင် ချိတ်ဆွဲပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

I.B.T.C & Group of Co., Ltd.မှ ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၁၅

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရန်ကုန်တိုင်း ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း မြို့နယ်များရှိ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် မေ ၁၃ရက်က I.B.T.C & Group of Co., Ltd. မှ ဝန်ထမ်းအင်အား၆၀ခန့်တို့သည် ဆန်အိတ် ၇၅၀၊ ရွှေပဲဆီသန့်ဘူး ၁၅၀၀၊ တီရှပ် ၁၅၁၈ ထည်၊ မဝတ်လုံချည် ၇၇၀၊ မျက်နှာသုတ်ပဝါ ၁၅၀၀၊ ခြင်ထောင် ၃၀၁လုံး၊ ဖယောင်းတိုင်ထုပ်၁၅၀၀ တို့ကိုပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

အလားတူ အခြားသောမြို့များသို့လည်း ကုမ္ပဏီအနေဖြင့် ဆက်လက် လှူဒါန်းကူညီမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့နယ် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ကျောက်တန်း မေ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့များက လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မေ၁၃ရက်က လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ပဲ၊ အာလူး၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်မုန့်များနှင့် သောက်သုံးရေများ ဝေငှပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

ထို့အပြင် နိုင်ငံတကာမှ လှူဒါန်းထားသော ရွက်ဖျင်တဲများကို လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်နေရာချထားပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား၇၀တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ကယ်ဆယ်ရေးစခန်းဖွင့်

အဆိုပါ ကျောက်တန်းမြို့နယ်အတွင်း၌ ကယ်ဆယ်ရေးစခန်းပေါင်း၁၀ခု ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၅၅၀၊ လူဦးရေ ၁၉၃၅ဦးတို့အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ် လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ကော့မှူး မေ ၁၅

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် လက်ခတ်ကျေးရွာ စာသင်ကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် မိသားစု၈၃စု၊ လူဦးရေ ၃၇၀ရှိကြောင်း၊ ၎င်းတို့ကို မြို့နယ် လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုအဖွဲ့က အိမ်ထောင်စုအလိုက် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ယာယီတဲများကို တပ်မတော်သားများက ဆောက်လုပ်ပေးခဲ့ကြောင်း၊ နေ့စဉ်ကျွေးမွေးမှုကို စုပေါင်း၍ ချက်ပြုတ်ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ချက်ပြုတ်စားသောက်

ထို့အတူ တာလမ်းသစ်ရပ်ကွက် နိမိတ္တာရုံကျောင်းတိုက်ရှိ ကယ်ဆယ်ရေးစခန်းတွင်လည်း အိမ်ထောင်စု၁၁၀၊ လူဦးရေ ၄၀၀ခန့်ရှိပြီး မြို့နယ် လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့က အစားအသောက်များကို လည်းကောင်း၊ စေတနာရှင်များက ဆန်၊ အဝတ်အစား၊ ဓာတ်ဆားထုပ်များနှင့် ခြေနင်းရေတင်စက်တစ်လုံးကို ဖြန့်ဝေပေးထားပြီး ၎င်းတို့၏ အစီအစဉ်ဖြင့် ချက်ပြုတ်စားသောက်လျက်ရှိကြောင်း သိရသည်။

အလားတူ မြို့မရပ်ကွက်၊ ဇောတိကဓမ္မာရုံ ကယ်ဆယ်ရေးစခန်းတွင်လည်း အိမ်ထောင်စု၅၀ကျော်၊ လူဦးရေ၃၀၀ကျော်ရှိပြီး မြို့နယ် လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းသော စားစရာနှင့် ထောက်ပံ့ရေးပစ္စည်းများဖြင့် ကိုယ်တိုင်ချက်ပြုတ် စားသောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

16-5 (11).pmd 1 5/16/2008, 2:34 AM

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်သွားရောက်မည့် ကယ်ဆယ်ရေးအဖွဲ့များအား တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တွေ့ဆုံ

ရန်ကုန် မေ ၁၅

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်မည့် အဖွဲ့များအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို မေ၆ရက် ညနေ၆နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ကြမည့်အဖွဲ့များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ လှူဒါန်းသော လျှာထိုးဦးထုပ်များကို ဝေငှပေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် ကယ်ဆယ်ရေးအဖွဲ့များအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးသည် မော်တော်ယာဉ်များပေါ်တွင် ကယ်ဆယ်ရေးသွားရောက်မည့် အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ မှာကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

လေဘေးသင့် ပြည်သူများအတွက် အလှူရှင်တစ်ဦးက အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့် လက်ခံယူစဉ်။ (ပြည်နယ် ပြန်/ဆက်)

ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိကအဆောက်အအုံနှင့်ရုံးများ ဦးစားပေးအစီအစဉ်အလိုက် ချက်ချင်းပြန်လည်ပြုပြင်

မုန်တိုင်းကြောင့်ပျက်စီးမှုများ ပြန်လည်တည်ဆောက်ရေးဆွေးနွေးပွဲ၌ မွေး/ရေ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဆွေးနွေးမှာကြား

ရန်ကုန် မေ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ၁၃ရက်က ရန်ကုန်တိုင်း သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ကာ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ၌ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံးပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖြုတ္တစိုရ် ခန်းမဆောင်၌ ကျေးရွာ၊ ရပ်ကွက်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆေးရုံ၊စာသင်ကျောင်းနှင့် သာသနိကအဆောက်အအုံ၊ ရုံးများကို ဦးစားပေး အစီအစဉ်အလိုက် ချက်ချင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ခရမ်းမြို့လေဘေးသင့်ပြည်သူများသို့ Fisheries Marine Product 2000 Ltd. မှ ငါးသေတ္တာဘူးများ၊ Golden Dragon Co.,Ltd. နှင့် အလှူရှင်များက မိုးရေကာဖျင်၊ တာလပတ်များ၊ စိန်ဝတ်မှုန်ကုမ္ပဏီက ရှင်းရှင်း ကြာဆံခြောက်ထုပ်များကို အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက လက်ခံသည်။

အားပေးစကားပြောကြား

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခရမ်းမြို့ပြည်သူ့ဆေးရုံ၌ သဘာဝလေဘေးသင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ချက်ချင်း ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေကို မှာကြားဖြည့်ဆည်းပေးကာ ခရမ်းမြို့ပေါ် ရပ်ကွက်များမှ လေဘေးသင့် မိသားစုများအား မိုးလုံလေလုံ ကယ်ဆယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်း-ဆည်ဝ မြစ်ရိုးတစ်လျှောက်မှပဲခူးမြစ်ဝအထိ ကျေးရွာနေအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့်သစ်ပင်ကြီးများ ပြိုလဲမှုအခြေအနေတို့ကို ကြည့်ရှုပြီး ခရမ်းမြို့နယ် ရွှေလှေကျေးရွာ ရွာဦးဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ကျေးရွာပြည်သူများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး **(အပေါ်ဝဲပုံ)** ရွှေလှေကျေးရွာမူလတန်းကျောင်းနှင့်ကျေးလက်ကျန်းမာရေးဌာန ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ခရမ်းမြို့ ကမာမတ်ကျေးရွာရှိ ကမာမတ် စံပြတိုက်နယ်ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်း ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကာ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဝအမောတွေ၊ သောကမုန်တိုင်းတွေပြေစေဖို့ ဟော့ရှော့ဇာတ်ကားက ဟာဒယရှင်ဆေး တိုက်ကျွေးမည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၁၅

မေ ၂ရက်နေ့မှာ တတိယပတ်မြောက်အဖြစ် အောင်ပွဲခံဖျော်ဖြေနေဆဲ ဟော့ရှော့ဇာတ်ကားမှာ မုန်တိုင်းကြောင့် ခေတ္တရပ်နားထားခဲ့ရပြီး ယခုတစ်ဖန် ပြန်လည်ဖျော်ဖြေတင်ဆက်နိုင်ရန် သွင်နှင့်သမ္မတရုံတွင် ပြန်လည်ရုံဝင်လာသည်။

မုန်တိုင်းဒဏ်ကြောင့် ဘဝအမောတွေ သောကမုန်တိုင်းတွေ ထန်ခဲ့ကြရသော ရုပ်ရှင်ချစ်ပရိသတ်ကြီးကို သောကတွေ ပြေပျောက်စေဖို့ အကြည်တော်ရဲ့ ပြောင်မြောက်တဲ့ဟာသ၊ ဒါရိုက်တာညီညီထွန်းလွင်ရဲ့ ပီပြင်တဲ့ရိုက်ချက်နဲ့ ပြန်လည်တင်ဆက်လိုက်ပါပြီ။ ရုပ်ရှင်ချစ် ပရိသတ်ကြီး မရယ်လိုက်ရ မရှိရလေအောင် **ဟော့ရှော့**က ဖိတ်ခေါ်နေပါသည်။

ဟော့ရှော့မှ အလိမ်ပေါ်သွားသော ရန်အောင်၊ မေသန်းနုနှင့် မို့မို့မြင့်အောင်။

10000 BC

နေပြည်တော်ရုံတွင် ဒါရိုက်တာ Roland Emmerich ရိုက်ကူးတင်ဆက်သည့် တောတွင်း စွန့်စားခန်း **10000 BC** ပြန်လည်ပြသလျက်ရှိသည်။ လူငယ်မုဆိုးလေး D' Leh တစ်ယောက် ကမ္ဘာဦး သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကို ရင်ဆိုင်ရင်း သူ့ချစ်သူမိန်းမလှလေး Evolet ကို ပြန်လည်ရရှိရေး စွန့်စားတိုက်ခိုက်ရပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရင်နှင့်အောင်မွေး

ဒါရိုက်တာ မောင်ဝဏ္ဏ၏ **ရင်နှင့်အောင်မွေး**မှာ ဘုရင့်ရုံ၊ ရွှေဗဟိုရုံ၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ဆက်လက်ဖျော်ဖြေနေဆဲဖြစ်သည်။ ၂၀ ရာစုမိန်းမသားတို့၏ ဘဝ၊ အလှ၊ မာနကိုဖော်ကျူးထားသောဇာတ်ကားဖြစ်သည်။ ကြည့်ရခဲ၊ မြင်ရခဲသော ဂျာနယ်ကျော်မမလေး၏ လက်ရာ ဇာတ်လမ်းကောင်းတစ်ပုဒ်ကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ပန်းသုံးပွင့်

ပုညခင်၏ဝတ္ထုကို ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ပုံဖော်ရိုက်ကူးထားသည့် **ပန်းသုံးပွင့်၏ ချစ်အိပ်မက်**

ပန်းသုံးပွင့်၏ ချစ်အိပ်မက်မှ ထွန်းအိန္ဒြာဗိုနှင့် မို့မို့မြင့်အောင်။

အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊သီတာ၊ရွှေမန်းရုံများတွင်ပြန်လည်ပြသနေသည်။

အမုန်တရားမှ မင်းဟိန်းနှင့် စိုးမြတ်သူဇာ။

အမုန်တရား

အမုန်တရားနှစ်ခုကြားမှာ အမှားဖြစ်သွားတဲ့ ဇာတ်လမ်းကို မြင့်ဦးဦးမြင့်က ဖန်တီးပြီး ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးသည့် **အမုန်တရား** အဆင့်မြင့်မြန်မာဗီဒီယို ဇာတ်ကားမှာလည်း မဟာမြိုင်ရုံတွင် ပြန်လည်ပြသနေသည်။ အမုန်တရားတွင် ကျော်ရဲအောင်၊ မင်းဟိန်း၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ခင်ပပလှိုင်၊ ဝိုင်းစုခိုင်သိန်းတို့ အဓိက ပါဝင်ထားသည်။

အိန္ဒိယဇာတ်ကားများ

မြို့လယ် ဆုထူးပန်ရုံတွင် ဆန်နီဒိုးလ်၊ မဟီမာချောင်ဒူရီတို့ ခေါင်းဆောင်ပါဝင်ထားသော **Pyaar Koi Khel Nahin** ဇာတ်ကား ရုံဝင်လာသည်။ မြို့မရုံတွင် ဥရောပ၏ လှပသောရှုခင်းများနှင့် အိန္ဒိယတေးဂီတအကတို့ ပေါင်းစပ်တင်ဆက်ထားသော **Aap Mujhe Achche Lague Lage** ဇာတ်ကားပြသနေသည်။ ယင်းဇာတ်ကားတွင် ရိုသစ်ရိုရှန်းနှင့် အမီရှာပတေးတို့ အဓိက ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

ပြည်ပသတင်းဌာနတစ်ခုက မုန်တိုင်းသတင်း မှားယွင်းစွာထုတ်လွှင့် မုန်တိုင်းမဖြစ်နိုင်ကြောင်း မိုး/ဇလ ညွှန်ချုပ် ရှင်းလင်းပြောကြား

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် မေ ၁၅

ယခုရက်ပိုင်းအတွင်း ရာသီဥတုနှင့်ပတ်သက်ပြီး ကောလာဟလ သတင်းများ မျိုးစုံထွက်နေသည်။ မုန်တိုင်းဝင်မည်၊ ငလျင်လှုပ်မည် စသည့် သတင်းတွေက နေရာအနှံ့မှ ကြားနေရသည်ဖြစ်ရာ ပြည်သူများ စိုးရိမ်စိတ် ပွားလျက် ရှိသည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် မုန်တိုင်းသတင်းနှင့်ပတ်သက်ပြီး ပြည်သူများ ရှင်းရှင်း လင်းလင်း သိရှိနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဖြေရှင်းပေးနေ

"ဒီသတင်းတွေကို ပြည်ပသတင်းဌာနတစ်ခုက ထုတ်လွှင့်သွားတဲ့ သတင်းအပေါ်အခြေခံပြီး ပြည်သူတွေ စိုးရိမ်စိတ်လွန်ကဲလို့ ဖြစ်ရတာပါ။ မုန်တိုင်းခန့်မှန်းရေးဌာနတစ်ခုက ထုတ်လွှင့်တဲ့ သတင်းအရ ဖိလစ်ပိုင်နိုင်ငံ အနီးမှာ တိုင်ဖုန်းမုန်တိုင်းတစ်ခုဖြစ်ပေါ်မယ်။ အဲဒီက တိမ်တန်းတွေ ဘင်္ဂလား ပင်လယ်အော်ရောက်ပြီး မုန်တိုင်းဖြစ်နိုင်တယ်။ ဒီမုန်တိုင်းဟာ မြန်မာနိုင်ငံရဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဝင်ရောက်နိုင်တယ်လို့ သတင်းတွေ ဖြစ်ပေါ်ခဲ့ တာပါ။ ဒီသတင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဝန်ထမ်းတွေ တယ်လီဖုန်း လေးလုံးနဲ့ တစ်ချိန်လုံးဖြေရှင်းပေးနေပါတယ်။ ဒီသတင်းတွေ မဟုတ်ပါဘူး ဆိုတာကိုပါ"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဦးစွာပြောကြားသည်။

ဂျီနီဗာအခြေစိုက်သတင်းဌာန

မုန်တိုင်းဝင်မည်ဆိုသည့် နောက်ထပ် ကောလာဟလဖြစ်စေသည့် သတင်းနှင့်ပတ်သက်၍လည်း "ဒီသတင်းဖြစ်ပေါ်လာပုံကို လေ့လာကြည့်တဲ့ အခါ ဂျီနီဗာမှာအခြေစိုက်တဲ့ သတင်းဌာနတစ်ခုကနေပြီး သဘာဝ ဘေးအန္တရာယ်နဲ့ပတ်သက်လို့ ဖွဲ့စည်းထားတဲ့ UNISDR ဌာနကို မေးမြန်းခဲ့တဲ့ သတင်းမှာ ဒီနှစ်ရဲ့ ရာသီဥတုအခြေအနေဆိုးရွားနိုင်တယ်။ မုန်တိုင်းဖြစ်ပေါ် နိုင်တယ်ဆိုတဲ့ တစ်ကမ္ဘာလုံးနဲ့ခြုံပြီး ပြောကြားတဲ့သတင်းကို ထုတ်လွှင့်တဲ့ အခါမှာတော့ UN ဆိုတဲ့ စကားလုံးပဲသုံးပြီး ကျန်တဲ့ စကားလုံးတွေဖြစ်တဲ့၊ ISDR ကို ဖြုတ်ထားခဲ့တယ်။ ဖြစ်ပေါ်နိုင်တယ်ဆိုတဲ့ မုန်တိုင်းကိုလည်း မြန်မာပြည်ကိုဦးတည်နေတယ်လို့ တည်းဖြတ်ဖော်ပြခဲ့တာမို့ ပြည်ပနိုင်ငံတွေမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသားတွေက အဲဒီသတင်းကို ဖုန်းတွေသုံးပြီး ပေးပို့ကြ၊ ပြောပြကြတာနဲ့ အခုလို ကောလာဟလတွေ ဖြစ်ပေါ်ခဲ့တာပါပဲ"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ကြိုတင်ပြင်ဆင်မှု

သဘာဝဘေးအန္တရာယ်များ၌ အမှားသတိပေးမှုများသည် တစ်ခါတစ်ရံ တကယ်ဖြစ်ပေါ်သည့် သဘာဝဘေးဒဏ်ထက် ဆုံးရှုံးမှု ပိုများတတ်သည်ကို

"မုန်တိုင်းမဖြစ်ပေါ်နိုင်ပါဘူး၊ ရာသီဥတုသတင်းတွေကို ဖုန်းနဲ့ မေးပြီး အတည်ပြုချက်ရယူနိုင်ပါတယ်"

ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်
မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာန

သတိပြုသင့်ပေသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ရာသီဥတုအခြေအနေနှင့် ပတ်သက်ပြီး မေးမြန်းရာ "မုတ်သုံလေ မြစ်ဝကျွန်းပေါ်ကို စတင်ဝင်ရောက် နေပါပြီ၊ မုတ်သုံအဝင်မှာ မိုးရွာမယ်၊ မိုးသက်လေပြင်းတွေ ပုံမှန်တိုက်မယ် ဆိုတဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရာသီဥတုအနေအထားရှိနေပါတယ်၊ ဒါပေမယ့် ဒီလို မိုးတိမ်တောင်တွေ၊မိုးသည်းထန်စွာရွာမှုတွေ၊မိုးကြိုးပစ်မှုတွေနဲ့ လေတိုက်မှု တွေဟာ မုတ်သုံဝင်ပြီး သတင်းတစ်ပတ်ကျော်လောက်မှာ ပုံမှန် ပြန်ဖြစ်သွား မှာပါ၊ မိုးဦးကတော့ ဒီနှစ်ကောင်းမှာ သေချာပါတယ်၊ မုန်တိုင်းကတော့ လောလောဆယ် မရှိနိုင်ပါဘူး၊ ကျွန်တော့်အနေနဲ့ ပြည်သူတွေကို အသိပေးချင် တာက ကျွန်တော်တို့ မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နဲ့ တစ်ပြေးညီ ထုတ်ပြန်ပေးနေတဲ့ မိုးလေဝသသတင်းတွေကို ရေဒီယို၊ ရုပ်မြင် သံကြား၊ သတင်းစာတွေမှာ ဖော်ပြပေးနေတာကို နားထောင် ဖတ်ရှုကြပါ၊ သိလိုတဲ့အချက်တွေကိုလည်း ကျွန်တော်တို့ကို ဖုန်းနဲ့ဆက်သွယ်ပြီး အတည်ပြု ချက် ရယူကြပါ၊ နောက်ပြီး သဘာဝဘေးအန္တရာယ် အထိနာမှုမဖြစ်အောင် ဗဟုသုတရှိဖို့၊ မိုးလေဝသ သတင်းတွေ နားထောင်ဖတ်ရှုဖို့နဲ့ ကြိုတင်ပြင်ဆင်မှု တွေ ဆောင်ရွက်နိုင်ကြဖို့ လိုပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသွားပါကြောင်း။ ။ **(မြန်မာ့အလင်း)**

- မုန်တိုင်းခန့်မှန်းရေးဌာနတစ်ခုက ထုတ်လွှင့်တဲ့သတင်းအရ ဖိလစ်ပိုင်နိုင်ငံအနီးမှာ တိုင်ဖုန်းမုန်တိုင်းတစ်ခုဖြစ်ပေါ်မယ်။ တိမ်တန်းတွေ ဘင်္ဂလားပင်လယ်အော် ရောက်ပြီး မုန်တိုင်းဖြစ်နိုင်တယ်။ ဒီမုန်တိုင်းဟာ မြန်မာနိုင်ငံရဲ့ ဧရာဝတီ မြစ်ဝ ကျွန်းပေါ်ကို ဝင်ရောက်နိုင်တယ်လို့ သတင်းတွေ ဖြစ်ပေါ် ခဲ့။
- ဒီသတင်းတွေ မဟုတ်ပါ။
- မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတုအခြေအနေနှင့် ပတ်သက်၍-
  မုတ်သုံလေ မြစ်ဝကျွန်းပေါ်ကို စတင်ဝင်ရောက်နေပါပြီ၊ မုတ်သုံအဝင်မှာ မိုးရွာမယ်၊ မိုးသက်လေပြင်းတွေ ပုံမှန်တိုက်မယ်ဆိုတဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရာသီဥတု အနေအထား ရှိနေပါတယ်၊
- ဒါပေမယ့် ဒီလိုမိုးတိမ်တောင်တွေ၊ မိုးသည်းထန်စွာ ရွာမှုတွေ၊ မိုးကြိုးပစ်မှုတွေနဲ့ လေတိုက်မှုတွေဟာ မုတ်သုံဝင်ပြီး သတင်းတစ်ပတ်ကျော်လောက်မှာ ပုံမှန် ပြန်ဖြစ်သွားမှာပါ၊
- မိုးဦးကတော့ ဒီနှစ်ကောင်းမှာ သေချာပါတယ်၊
- မုန်တိုင်းကတော့ လောလောဆယ် မရှိနိုင်ပါဘူး၊

မိုးပြတ်တောင်းရွာပြီး သည်းထန်နိုင်

(မေလ ၁၅ ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်။ ။လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသ များသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်း ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီ စင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန် ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၇၈ လက်မ၊ မာန်အောင်မြို့တွင် ၆ ဒသမ ၀၂ လက်မ၊ ဥမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ မကွေးမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ချောက်မြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်ပေါ်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ယင်းသည် ပိုမိုအားကောင်းလာခြင်းမရှိဘဲ မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနေသည်။ ကပ္ပလီပင်လယ် ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်း နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေသည်။

၂၀၀၈ခုနှစ် မေ ၁၆ရက် ညနေထိခန့်မှန်းချက်။ ။ရှမ်းပြည်နယ်နှင့်ကယား ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင်၄၀ မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာတစ်ပြည်လုံးတွင် မိုးဆက်လက် ရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၆ ရက် ညနေအထိခန့်မှန်းချက်
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၆ ရက် ညနေအထိခန့်မှန်းချက်
မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၆ ရက် ညနေအထိခန့်မှန်းချက်
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၂၈ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၈၃ ဒီဂရီဖာရင်ဟိုက်)	၁၄-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ ဒသမ ၉ဒီဂရီစင်တီဂရိတ် (၇၃ ဒီဂရီဖာရင်ဟိုက်)	၁၅-၅-၂၀၀၈
နံနက် ၉ နာရီခွဲ စိုထိုင်းဆ	၈၉ ရာခိုင်နှုန်း	၁၅-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၁ ဒသမ ၅နာရီခန့်	၁၄-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၅-၅-၂၀၀၈	၁မမ(၀.၀၃လက်မ)	၂မမ(၀.၀၈လက်မ)	၃မမ(၀.၁၂လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၅၄၈မမ(၂၁.၅၈လက်မ)	၆၃၄မမ(၂၄.၉၆လက်မ)	၆၉၅မမ(၂၇.၃၆ လက်မ)

ရန်ကုန် ကမ္ဘာအေး၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၁၄ရက် ၁၈း၃၀နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၈မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

(မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၁၅

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၂၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရုံးခန်းရှိ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆-၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း- ၀၉-၈၆-၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်း ကောင်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်း **ကိုတင်ထွန်း** ၏ ၁၆-၅-၂၀၀၈ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ငယ်နဲ့အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် လိုရာဆန္ဒ တွေပြည့်ပြီး အောင်မြင်ပျော်ရွှင်သော ဘဝခရီးလမ်းမှာ ထာဝရအမြဲလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလိုက်ပါသည်။

ချစ်ဇနီး-မမေသက်နွယ်(ခ)မီးငယ်
ရန်ကုန်မြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေဝတီတိုင်း၊ ဓနုဖြူမြို့၊ (၁၃)ရပ်ကွက်၊ အောင်ထိပ်တင် ၁ လမ်းနေ ဦးတင်လှိုင်(မြန်မာ့ဆက်သွယ်ရေး)-(ဒေါ်အေးအေးမြင့်)တို့၏သား

ဗိုလ်ကြီးဆွေလှိုင်ဦး B.Sc(Physics)DSA

နှင့်

ပဲခူးတိုင်း၊ တောင်ငူမြို့၊ ဓာတုကလျာလမ်း၊ ၁၁/၁၂၆ နေ ဦးကိုကြီး(ဖြိုးခါတ်ပုံတိုက်)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီး

မအိစက်စက်ဖြိုး(2nd Year, Psychology)
Director(Golden Land Myanmar Co., Ltd.)

တို့သည် ၁၅-၅-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဆွေလှိုင်ဦး-မအိစက်စက်ဖြိုး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်

ကြေညာချက်

၁၅-၅-၂၀၀၈ရက်နှင့် ၁၆-၅-၂၀၀၈ရက်တို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားနယ်မြေအတွင်း သိမ်းဆည်းရမိသော ယာဉ်မျိုးစုံ ၁၀၁စီးအား ပြင်ပသို့ လေလံတင်ရောင်းချမည့်ကိစ္စနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တဆိုင်းငံ့ထားပါကြောင်းနှင့် လေလံတင်ရောင်းချမည့်ရက်အား တစ်ပတ်ကြိုတင်၍ သတင်းစာတွင် ထည့်သွင်းကြော်ငြာမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ထုခွဲရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန။

ချစ်ဇနီးလေး မမေသက်နွယ်(ခ)မီးငယ်၏ မွေးနေ့မင်္ဂလာဆုတောင်း

၁၆-၅-၂၀၀၈ရက်တွင် ကျရောက်သည့် ချစ်ဇနီးလေး **မမေသက်နွယ်** ၏ မွေးနေ့ မင်္ဂလာမှစ၍ နောင်လာမည့် နှစ်ပေါင်းများစွာတိုင် ဇနီးကောင်းတစ်ဦး၏ဝတ္တရားများနှင့်အတူ သားလေးမောင်အောင်ကောင်းခန့်အတွက် မိခင်ကောင်းတစ်ဦး၏ဝတ္တရားများဖြင့် မိသားစုဘဝ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ခင်ပွန်း-ဦးတင်ထွန်း (M.P.P.E)
ရန်ကုန်မြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ ကိုသန်းထွန်း(ခ)ဘိုမဲ ၉/ပမန(နိုင်) ၀၃၁၄၈၀ သည် မိဘနှင့်ညီမများ၊ မိဘတို့အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၉-၅-၂၀၀၈ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း သိစေအပ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးမောင်ကို
မိခင်-ဒေါ်နု
အမှတ် ၈/၅၈၊ ရန်အောင်(၂)ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား။



အမည်ပြောင်း

အဖ ဦးစိန်ဝင်း၏ သမီး အထက(၁)ဒဂုံ ဒုတိယတန်း(B)မှ မဆုရှန်းလဲ့အောင်အား မဂျူလီယာဝင်းသို့ ပြောင်းလဲခေါ်ပါရန်။

မဂျူလီယာဝင်း။

ရောက်ရာအရပ်မှ အမြန်ပြန်လာပါ

ဇနီး မခင်မေသိန်း ၅/ကလထ(နိုင်) ၁၀၅၀၃၁ နှင့် သမီး မသိမ့်ရတီစိုး(ခ) သိမ့်သိမ့် ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ ခင်ပွန်းဖြစ်သူနှင့် ဆွေမျိုးများ စိတ်ပူနေသည်။

ခင်ပွန်း ဦးကြည်စိုး(ဒုလဝကမှူး)
၁၂/တမန(နိုင်)၀၉၀၆၄၄
ဖုန်း- ၀၉-၅၂-၄၀၆၈၂၊
၀၉-၈၆-၀၀၈၅၃၊ ၃၉၁၄၉၅။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ရန်ကုန်မြို့နှင့်ခရမ်း၊ သုံးခွမြို့နယ်များသို့ ရဟတ်ယာဉ်ဖြင့် ပရိတ်တရားတော်များရွတ်ဖွား

ရန်ကုန် မေ ၁၅

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီး ကိုးပါးတို့သည် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်လိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့နှင့် ခရမ်း၊ သုံးခွမြို့နယ်များပေါ်သို့ လှည့်လည်ဝဲပျံ၍ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးနှင့် ရဟန်းရှင်လူအားလုံးဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစေရန် မင်္ဂလာသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပြီး လေဘေး၊ ရေဘေးသင့်၍ ကွယ်လွန်သူများအား ရည်စူးကာ အမျှအတန်းပေးဝေ၍ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကို ပက်ဖျန်း ပေးကြသည်။

(သတင်းစဉ်)

အရာတော်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ချီးကျူးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၅

စစ်ကိုင်းတိုင်း အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသည့် အရာတော်နွယ်ဖွား မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ရှိ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တဝိမလအားချီးကျူးပူဇော်ပွဲကို မေ၁၃ရက်က စစ်ကိုင်းတိုင်း အရာတော်မြို့ရှိ ရွှေဘုံသာမဟာရုံ၌ ကျင်းပရာ ရှေးဦးစွာ အရာတော်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ချီးကျူးလွှာကို လျှောက်ထား၍ ဆရာတော်အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တဝိမလသည် အရာတော်မြို့တွင်းသို့ လှည့်လည်အဖူးမြော်ခံရာ ပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၄ရက်က တက္ကသိုလ်များဆေးရုံဝင်းအတွင်း ဆေးရုံပေါ်သို့ လဲကျနေသော သစ်ပင်များ၊ ရှင်းလင်းခြင်း၊ ပြိုလဲနေသော ခြံစည်းရိုးဝင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ဆေးရုံအတွင်းရှိ လဲကျသစ်ပင်များအား ခုတ်ထွင်ခြင်းများကို တက္ကသိုလ်ဆေးရုံဝန်ထမ်းများနှင့် Ya Ya Ya ဂျပန်ပညာတော်သင်ကျောင်းသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) လေဘေးဒဏ်သင့်ပြည်သူများအား ပံ့ပိုးကူညီမည်

ရန်ကုန် မေ ၁၅

မုန်တိုင်းဒဏ်သင့် မြို့နယ်သူ မြို့နယ်သားများအား ကူညီထောက်ပံ့ရန်အတွက် မြို့နယ်အသင်းသူအသင်းသားများ၊ မော်ကျွန်းသူမော်ကျွန်းသားများမှ တတ်စွမ်းသမျှ ငွေအား၊ ပစ္စည်းအားဖြင့် ပံ့ပိုးကူညီကြရန်နှင့်ပါဝင်လှူဒါန်းလိုသူများသည် နာယကဆရာတော်ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးသီလက္ခန္ဓာဘိဝံသ ဖုန်း-၅၄၀၄၆၆၊ ၀၉-၆၉-၇၁၆၂၅၊ ၀၉-၈၀-၂၂၈၆၀နှင့် ဦးသောင်းညွန့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၅၀-၀၆၄၉၃၊ ဦးစိုးမြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၂၇၂၂၇၊ ၂၂၇၀၄၉နှင့် အတွင်းရေးမှူးဦးစိုးပိုင် ဖုန်း-၂၄၀၉၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၅-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၅ ၅။ HIV/AIDS
နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ထူး၊ သင်ဇာဝင့်ကျော်၊ ရတနာ၊ ပွင့် (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ရေဝတီအလှတစ်ပါး ရတနာပုံတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ သက်တံရောင်သံစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၂၅ ၂။ **လူကူးမျဉ်းကျားမှ ကူးမယ်**
၄:၃၀ ၃။ Local T & Lent
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
၇:၁၀ ၁၃။ **အား---နာတယ်**
ခန့်စည်သူ၊ ဇော်၊ မိုးပြည့်ပြည့်မောင်၊ မျိုးမျိုးခိုင်၊ (ဒါရိုက်တာ - ဖုန်းမြင့်အောင်)
၇:၂၀ ၁၄။ နိုင်ငံစီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **သည်းခြေကြိုက်** (အပိုင်း-၁)
လူမင်း၊ နန္ဒာလှိုင် (ဒါရိုက်တာ-ကျော်ဇောလင်း၊ အတွေးပုံရိပ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဦးဆောင်မည်ဟုဆို

ဝါရှင်တန် မေ ၁၅

ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက သူသာသမ္မတဖြစ်လာလျှင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကို ဦးဆောင်လှုပ်ရှားမည်ဖြစ်ကြောင်း အာမခံပြောကြားလိုက်သည်။



ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း

ထုတ်ဖော်ပြောကြား

လက်ရှိ ရီပတ်ဘလီကင် သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် မူဝါဒသဘောထားများမတူကြောင်း ပြသသည့် မိန့်ခွန်းတွင် ဂျွန်မက်ကိန်းက ယင်းသို့ ထုတ်ဖော်ပြောဆိုခြင်း ဖြစ်သည်။

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လုပ်မှု လျှော့ချရေးအတွက် နိုင်ငံတကာ သဘောတူညီမှုများရရှိအောင် ကြိုးပမ်းမည်ဖြစ်ပြီး အမေရိကန် လုပ်ငန်းများ ပိုမိုလေထု ညစ်ညမ်းမှုမရှိရေး မက်လုံးပေးမည့်စနစ်ကို ကျင့်သုံးမည်ဟုလည်း ဂျွန်မက်ကိန်းက ပြောကြားသည်။

ပြောကြား

အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းက အိုရီဂွန်ပြည်နယ်၌ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ယှဉ်ပြိုင်

အိုရီဂွန် ပြည်နယ်သည် ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးဖြစ်ကြသည့် ဟီလာရီနှင့် အိုဘားမားတို့ မေ ၂၀ရက်တွင် ယှဉ်ပြိုင်မည့် ပြည်နယ်အကြိုရွေးကောက်ပွဲပြုလုပ်ရာ ပြည်နယ်ဖြစ်သည်။

(အင်တာနက်)

လက်ဘနွန်၌ ဖြစ်ပွားသောတိုက်ပွဲများ အစိုးရတပ်များက အင်အားသုံးဖြိုခွင်းမည်

ဘေရွတ် မေ ၁၅

လက်ဘနွန် တပ်ဖွဲ့ဝင်များသည် လက်နက်ကိုင် တိုက်ခိုက်မှုများ ချုပ်ငြိမ်းပပျောက်ပြီး နိုင်ငံတစ်ဝန်း တည်ငြိမ်မှု ပြန်လည်တည်ဆောက်ရန် တပ်ကို အသုံးပြုသွားမည် ဖြစ်ကြောင်း လက်ဘနွန်တပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ထိုသို့ပြောဆိုခြင်းသည် အစိုးရတပ်များနှင့် ဟစ်ဇ်ဘိုလာတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ပြောကြားလိုက်ခြင်းဖြစ်သည်။

သေဆုံး

သီတင်းတစ်ပတ်ကြာ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူပေါင်း ၆၀ သေဆုံးခဲ့ရသည်။

ဖြန့်ကြက်ချထား

ဘေရွတ်မြို့၊ ထရီပိုလီမြို့ မြောက်ပိုင်းနှင့် မြို့တော်၏ အရှေ့တောင်ဘက်ရှိ ချာအုတ်တောင်တန်းများတွင် လက်ဘနွန်တပ်များ အခိုင်အမာ ဖြန့်ကြက်ချထားပြီဖြစ်ကြောင်း ၎င်းတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

လက်ဘနွန်၌ ဖြစ်ပွားခဲ့သော ယင်းတိုက်ပွဲသည် ၁၉၉၀ ပြည့်နှစ်တွင် ၁၅ နှစ်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ် ချုပ်ငြိမ်းခဲ့ပြီးနောက် အဆိုးရွားဆုံး ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)



ချီလီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ဘလန်ကိုမြစ် ရေလျှံမှုကြောင့် ချိုင်တန်မီးတောင်ဝန်းကျင်ဒေသရှိ အိမ်များနှင့်ကားများအား ရေလွှမ်းမိုးနေသည်ကို မေ ၁၄ရက်က တွေ့ရစဉ်။ **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာ့ဈေးနှုန်း အချိုသာဆုံးကား အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်မည်

နယူးဒေလီ မေ ၁၅

ရေးနော့-နစ်ဆန်းကား ထုတ်လုပ်ရေးကုမ္ပဏီသည် အိန္ဒိယကားထုတ်လုပ်ရေးကုမ္ပဏီ ဘာဂျက်နှင့် ပူးပေါင်းလျက် ကားတစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ဖြင့် ကမ္ဘာ့ဈေးနှုန်း အချိုသာဆုံးကားများ(အောက်ပုံ)**ကို ဖက်စပ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။**

ထုတ်လုပ်

အဆိုပါ ဈေးအချိုဆုံးကား အမည်ကို ယူအယ်လ်စီဟု အမည်ပေးထားသည်။ ယင်းကား၏ ဈေးနှုန်းသည် အိန္ဒိယနိုင်ငံ၏ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော တာတာ မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် နာနိုကားနှင့် ဈေးနှုန်းချင်းတူညီသည်။ နာနိုကားမှာလည်း ကမ္ဘာ့ဈေးနှုန်း အချိုသာဆုံးကားအဖြစ် ထုတ်လုပ်ထားခြင်းဖြစ်သည်။

တင်ပို့ရောင်းချ

ဈေးနှုန်းအချိုသာဆုံး ယူအယ်လ်စီကားများကို အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရာထရာပြည်နယ် ချာကန်မြို့၌ စက်ရုံဖွင့်လှစ်၍ တစ်နှစ်လျှင် စီးရေ ၄၀၀၀၀၀ ထုတ်လုပ်ကာ အိန္ဒိယကားဈေးကွက်များသို့ တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်သွားမည်

ဘာဂျက်သည် အိန္ဒိယနိုင်ငံ၏ ကားဒုတိယအများဆုံး ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။ ယင်းကားသစ်နှင့် ပတ်သက်ပြီး အသေးစိတ် ကြေညာချက်များကို ထုတ်ပြန်ထားခြင်း မရှိသော်လည်း ၂၀၁၁ခုနှစ်မှစပြီး ကားများ ထုတ်လုပ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

ဘဝအမောပြေ

သက်သေပြပါ....

မိန်းကလေးတစ်ဦးထံမှ တုံ့ပြန်အချစ်ရရေး အဖြေတောင်းနေသော လူငယ်တစ်ဦးက ဤသို့ ယုံကြည်အောင်ပြောလေသည်။

လူငယ် ။ ။ ကိုယ် မင်းကို တကယ်ချစ်တာပါ။

မိန်းကလေး ။ ။ ဟုတ်ပါ့မလား။

လူငယ် ။ ။ ကိုယ့်အချစ်က နှိုင်းဆလို့ မရပါဘူး။

မိန်းကလေး ။ ။ ပြောကြတာပါပဲ။

လူငယ် ။ ။ မင်းအတွက်ဆို ဘာမဆိုစွန့်လွှတ်ရဲတယ်။

မိန်းကလေး ။ ။ ဟုတ်ပါ့မလား။

လူငယ် ။ ။ ပင်လယ်ရေကို ကုန်အောင်သောက်ဆိုရင်လဲ သောက်ပြလိုက်မယ်။

မိန်းကလေး ။ ။ အဲဒီလောက်မလိုပါဘူး။ ဒါပဲ ကုန်အောင်သောက်ပါဦး။

လူငယ် ။ ။ ဘာကိုသောက်ရမလဲ.....ပေးပါ။

မိန်းကလေး ။ ။ အဆိပ်ခွက်။

လူငယ် ။ ။ ''ဟိုက်''

မပြိုင်သင့်သည်ကို ပြိုင်မိသောအခါဝယ်

လန်ဒန်မြို့သည် ဗြိတိန်နိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေရှုစ်သန်းကျော်နေထိုင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။ သာယာလှပစည်ကားလှသော မြို့ကြီးလည်း ဖြစ်သည်။ လန်ဒန်မြို့တွင် လက်ဒ်ဂျူအာလီဆီလီကလဲမာရီယန်နီအလာပီနီနှင့် သားဖြစ်သူအထက်တန်းကျောင်းသား ကော့ဒ်ဂျိုယန်ဂါ **(အောက်ပုံ)** တို့ သားအမိနှစ်ဦး နေထိုင်ကြသည်။ လက်ဒ်ဂျူအာသည် သူမ၏သား ၁၀နှစ်သားအရွယ်ကပင် ခင်ပွန်းဖြစ်သူ သေဆုံးသွားခဲ့သော်လည်း သားဖြစ်သူ၏ ရှေ့ရေးအတွက် နောက်အိမ်ထောင်မပြုခဲ့ပေ။ သားဖြစ်သူယန်ဂါအား ပထွေးနှင့်အတူ နေထိုင်ရသောဘဝမျိုးကို မရောက်စေချင်သောကြောင့် ဖြစ်သည်။



လက်ဒ်ဂျူအာသည် သူမ၏ ခင်ပွန်းဖြစ်သူက စီးပွားရေးလုပ်ငန်းများထူထောင်ကာ သူမတို့ သားအမိနှစ်ဦးအတွက် မတောင့်မတမကြောင့်ကြ နေထိုင်နိုင်သော စီးပွားဥစ္စာများကို ရှာဖွေစုဆောင်းပေးခဲ့သောကြောင့် စီးပွားရေးအတွက် မပူပင်ရတော့ပေ။ ယင်းလုပ်ငန်းများကို သူမ ဆက်လက် ကြပ်မတ်ရုံသာ ဖြစ်သည်။ သူမ ပူပင်နေရသည်မှာ သူမ၏ တစ်ဦးတည်းသော ဖတဆိုးသားလေး ယန်ဂါအတွက်ပင် ဖြစ်သည်။

စွန့်လွှတ်ခဲ့ရ

သားဖြစ်သူယန်ဂါသည် သူမ၏ စကားကိုနားထောင်သော်လည်း ဖတဆိုးသားပီပီ မကြာခဏ တစ်ဖွတ်ထိုးလုပ်တတ်သည်။ ငယ်စဉ်ကပင် ဖခင်နှင့် ဝေးကွာခဲ့ရသောကြောင့် စိတ်အားငယ်တတ်သည်။ဖခင်နှင့်ပတ်သက်ပြီး ကျောင်းတွင် အဖမဲ့သားဟု အနိုမ်ခံ၊ အစခံ၊ အကျီစားခံရဖန် များလာသောအခါ တဖြည်းဖြည်း ဒေါသကြီးလာတတ်ပြန်သည်။ လက်ဒ်ဂျူအာသည် သူမ၏သား ယန်ဂါ ဒေါသတကြီးဖြင့် အမှားကျူးလွန်မိမည်ကို အစိုးရိမ်ဆုံးပင် ဖြစ်သည်။ သူမ အစိုးရိမ်ဆုံးသော အရာသည် တစ်နေ့သောအခါ အမှန်တကယ်ပင် ဖြစ်ပွားပေါ်ပေါက်ခဲ့ပြီး သားဖြစ်သူ ယန်ဂါကိုလည်း တစ်သက်တာ စွန့်လွှတ်ခဲ့ရကာ ယူကျုံးမရ အပူလုံးကြွခဲ့ရတော့သည်။

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဖျောင်းဖျ

ထိုနေ့ကား ၂၀၀၇ခုနှစ် မတ်လအတွင်း နေ့တစ်နေ့ပင် ဖြစ်သည်။ ယန်ဂါသည် ထိုနေ့မတိုင်မီကတည်းက စိတ်မထိန်းနိုင်အောင် ဒေါသထွက်နေခဲ့သည်။ အကြောင်းမှာ သူ့အား ကျောင်းတွင် ရန်စနေသူ ကျောင်းသားတစ်ဦးရှိသည်။ ထိုကျောင်းသားသည် သူ့အား အမြဲတစေ ရန်စနေပြီး အုပ်စုလိုက် ဂိုဏ်းဖွဲ့နေသူဖြစ်သည်။ သူ၏ အဖမဲ့သားအဖြစ်ကို လှောင်ပြောင်ရန်စခြင်း ဖြစ်သည်။ ထိုအကြောင်းကို မိခင်အားပြောပြရာ တုံ့ပြန်မှုမပြုရန်နှင့် ရန်ကိုရန်ချင်း မတုံ့နှင်းရန် မိခင်က သူ့အား ဖျောင်းဖျခဲ့သည်။

သေဆုံး

သို့သော်လည်း ဒေါသအမျက်ခြောင်းခြောင်းထွက်နေသူ ယန်ဂါသည် ရန်စသူအား စိန်ခေါ်ကာ တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် ချိန်းဆိုခဲ့သည်။ ထိုအကြောင်းကို မိခင်အားအသိမပေးခဲ့ပေ။ ယင်းနေ့တွင် ယန်ဂါသည်ချိန်းဆိုထားရာနေရာသို့ တစ်ဦးတည်း ထွက်ခဲ့သည်။ ချိန်းဆိုရာနေရာသို့ ရောက်သောအခါ ချိန်းဆိုသူကို ချက်ချင်းမတွေ့ရဘဲ ချုံပုတ်ထဲမှ သူနှင့်ရွယ်တူကျောင်းသားငါးဦးထွက်လာကာ သူ့အား တစ်ဦးကဓားဖြင့် ရင်ဝသို့ ရုတ်တရက် ထိုးချလိုက်ရာ သူ့အနေဖြင့် ပြင်ဆင်ချိန်ပင်မရလိုက်ဘဲ လဲကျသွားခဲ့သည်။ ထိုအချိန်တွင် သူ့နောက်သို့ မည်သို့သတင်းကြားကာ လိုက်လာမှန်းမသိသော အသက် ၁၅နှစ်အရွယ် သူ၏ မိန်းကလေး မိတ်ဆွေက စိုးရိမ်တကြီးဓားနှင့် မထိုးရန် လှမ်းတားသည်ကိုလည်းကြား လိုက်ရပြီးနောက် သတိလစ်သွားတော့သည်။ ထို့နောက် အသက် ၁၆နှစ်အရွယ်ရှိ ယန်ဂါမှာ သူ၏ မိန်းကလေးမိတ်ဆွေလက်ပေါ်တွင်ပင် သေဆုံးသွားခဲ့သည်။

ယန်ဂါအား သေဆုံးသည်အထိ တိုက်ခိုက်ခဲ့သော ကျောင်းသားငါးဦးအနက် အသက် ၁၇ နှစ်အရွယ်ရှိ တီရယ်ဒေးဗစ်နှင့် အသက် ၁၄နှစ်အရွယ်ရှိ ဘရန်ဒွန်ရစ်ချ်မွန်တို့နှစ်ဦးအား ထောင်ဒဏ် ၁၅နှစ်စီ၊ အသက် ၁၄ နှစ်အရွယ်ရှိ မိုက်ကယ်ဝီလျံ၊ အသက် ၁၅နှစ်အရွယ်ရှိ ဂျမီးလ်ဘရစ်ချ်မန်း၊ အသက်၁၇နှစ်အရွယ်ရှိ ကူတစ်ယီမိုချ်တို့ သုံးဦးအား မေ ၉ရက်တွင် တရားရုံးက လူသေမှုဖြင့် ထောင်ဒဏ် ၁၀နှစ်စီ အသီးသီး ချမှတ်ခဲ့သည်။

ဒေါသချင်း မပြိုင်သင့်သည်ကို ပြိုင်မိသောကြောင့် ဘဝပျက်ကာ အသက် ဆုံးပါးခဲ့ရသော ကော့ဒ်ဂျိုယန်ဂါ၏အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

16-5 (15).pmd 1 5/16/2008, 2:35 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်တာနက်သတင်းအတိုအထွာ

- ☐ ဝက်စ်ဟမ်းအသင်းသည် ဒီးန်အက်ရှ်တန်နှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန်အတွက် မေ ၁၆ရက်(ယနေ့)တွင် ဆွေးနွေးမှုများ ပြုလုပ်မည်ဆိုသည်။

- ☐ **မစ်ဒယ်ဘရော့အသင်းသည် ချယ်လ်ဆီးအသင်းမှ စတိဗ်ဆစ်ဝဲလ်ကို ခေါ်ယူစာချုပ်ရေးတွင် အက်စတွန်ဗီလာနှင့်အဲဗာတန်အသင်းတို့နှင့် အပြိုင်ခေါ်ယူနိုင်မည်ဟု မျှော်လင့်ရသော်လည်း ဆစ်ဝဲလ်အား သီတင်းတစ်ပတ် လုပ်ခပေါင် ၅၀၀၀၀သည် အသင်းအတွက် အခက်အခဲ ဖြစ်နေသည်ဆိုသည်။**

- ☐ အဲရစ်ဆင်သည် မက္ကဆီကိုလက်ရွေးစင် အသင်းနည်းပြ ဟူဂိုဆန်ချက်ဇ်၏နေရာကို ဆက်ခံမည့်နည်းပြ ဖြစ်လာနိုင်သည်ဟု ဆိုပြန်သည်။

- ☐ **ရီးရဲမက်ဒရစ်အသင်းသည် မန်ယူကြယ်ပွင့်စီရိုနယ်ဒိုအား ဘာနေဗျူးသို့ ခေါ်ယူစာချုပ်ရေး မျှော်လင့်ချက်ကို လက်မလျှော့သေးဟု သတင်းများ ထွက်ပေါ်ပြီးနောက် စီရိုနယ်ဒိုက ၄င်းအနေဖြင့် မန်ယူအသင်းသည် လူမှန်နေရာမှန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

- ☐ စပါးနှင့် နယူးကာဆယ်တို့သည် မန်စီးတီးခံစစ်မှူး ရစ်ချတ်ဒွန်နီအား ခေါ်ယူရေး အပြိုင်ကြိုးပမ်းလျက်ရှိသည်။

- ☐ **စတုဂတ်အသင်းသည် အလွတ်ပြောင်းရွှေ့ခေါ်ယူနိုင်သည့် အာဆင်နယ် ဂိုးသမားဂျင်းလေးမန်အား ခေါ်ယူရန် ချဉ်းကပ်နေသော်လည်း ယင်းဂိုးသမားသည် ဘောလုံးလောကမှ အနားယူဖွယ်ရှိနေသည်။**

- ☐ မိုက်ကယ်အိုဝင်သည် နယူးကာဆယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရာတွင် ၄င်း၏လုပ်အားခလျှော့ချဖြတ်တောက်မည်ဆိုပါက အသင်းမှ ထွက်ခွာဖွယ်ရှိပြီး ၄င်းအားအလိုရှိသော အဲဗာတန်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်။

- ☐ **မန်ယူအသင်းသည် နွေရာသီတွင် ခေါ်ယူမည့် အဓိကအားကစားသမားအဖြစ် ဆီဗီလာအသင်းမှ ဘရာဇီးတိုက်စစ်မှူး လူးဝစ်ဖာဘီယာနိုကို ပစ်မှတ်ထားပြီး ၄င်း၏ကစားဖော် ဒင်နီယယ်အဲလ်ဗက်စ်ကိုလည်း ဆက်လက်ခေါ်ယူဖွယ်ရှိသည်ဆိုသည်။**

- ☐ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်အား ဥရောပဘောလုံးအင်အားကြီးကလပ်အသင်းကြီးတစ်ခုမှ ပေါင် ၃၂သန်းဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု ၄င်း၏အေးဂျင့်က ပြောကြားသည်။

- ☐ **အာဆင်နယ် တိုက်စစ်မှူး သီအိုဝေါလ်ကော့ထ်က ၄င်းအနေဖြင့် အခက်အခဲမည်မျှပင်ရှိစေ အာဆင်နယ်အတွက် ကစားရန် အဆင်သင့်ရှိနေသည်ဟု ရင်ဖွင့်လိုက်သည်။**

လာမည့် ယူရို ၂၀၀၈ပြိုင်ပွဲများ စီရိုနယ်ဒို ပေါ်တူဂီအသင်းကို ဦးဆောင်ကစားမည်

လစ္စဘွန်း မေ ၁၅

စီရိုနယ်ဒိုသည် ယူရို၂၀၀၈ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းကို ဦးဆောင်လျက် အကောင်းဆုံးကစားနိုင်လိမ့်ဖြစ်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားလိုက်သည်။

ရွေးချယ်ထား

စီရိုနယ်ဒိုနှင့် မန်ယူကစားဖော် နာနီတို့အား နည်းပြစကိုလာရီက ဇွန်၇ရက်တွင် ကစားမည့် ပေါ်တူဂီအသင်း ၂၃ဦး စာရင်းအတွက် ထည့်သွင်း ရွေးချယ်ထားသည်။

ပြောကြား

စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် အကောင်းဆုံး ကစားပေးလိမ့်မည် ဆိုသည်မှာ သံသယမဖြစ်မိကြောင်း၊ သို့သော်မန်ယူမှာကဲ့သို့ အောင်မြင်မှုရမည်၊ မရမည်မှာ အာမမခံနိုင်ကြောင်း နည်းပြ စကိုလာရီက ပြောကြားသည်။

စီရိုနယ်ဒို

ပေါ်တူဂီအသင်းတွင် ချယ်လ်ဆီးမှ ကာဗယ်ဟို၊ ဖရဲရားတို့လည်း ပါဝင်သည်။ ထို့အပြင် ချယ်လ်ဆီးက ပေါင်၁၆ဒသမ၂သန်းဖြင့်ပြောင်းရွှေ့ရန် သဘောတူညီထားသော ညာနောက်တန်းကစားသမား ဟိုဆေးဘိုစင်ဝါလည်း ဩစတြေးလျနှင့် ဆွစ်ဇာလန်နိုင်ငံတို့၌ ကစားမည့်ယူရိုပြိုင်ပွဲတွင် ပေါ်တူဂီအသင်းနှင့်အတူ ကစားမည်ဖြစ်သည်။

မေ၂၁ရက် မော်စကိုမြို့၌ ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ချယ်လ်ဆီးနှင့်မန်ယူအသင်းတို့အတွက်လည်းပေါ်တူဂီကစားသမားများပါဝင်ကြလိမ့်မည်ဖြစ်သည်။

ဆွတ်ခူး

စကိုလာရီ၏ ပေါ်တူဂီအသင်းသည် ၂၀၀၄ခုနှစ်က ဂရိနိုင်ငံ၌ ကျင်းပသော ပြိုင်ပွဲတွင် ဒုတိယဆုအထိ ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။

စီရိုနယ်ဒိုသည်ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် ဂိုးပေါင်း ၄၁ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ယူအက်စ်အိုးပင်းဖလား တိုက်ဂါးဝုဒ်မျှော်မှန်း

ကယ်လီဖိုးနီးယား မေ ၁၅

ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ဒူးဒဏ်ရာခွဲစိတ် ခံယူပြီးနောက် မေလကုန်ပိုင်းတွင် ပြိုင်ပွဲများအတွက် ပြန်လည်လေ့ကျင့်နိုင်တော့မည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

တိုက်ဂါးဝုဒ်သည် ကယ်လီဖိုးနီးယား၌ ဇွန် ၁၂ရက်မှ ၁၅ရက်အထိ ကစားမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲကြီးတွင် အနိုင်ရဗိုလ်စွဲရန် မျှော်လင့်ထားသူဖြစ်သည်။ အမေရိကန် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည်

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်

ယခုနှစ်အတွင်း ဂရင်းဆလမ် ဖလားကြီး တစ်လုံးဆွတ်ခူးရန် မျှော်လင့်ထား၍ ယူအက်စ်အိုးပင်းဖလား ဆွတ်ခူးရန် အဓိကပစ်မှတ်ထားလျက်ရှိသည်။ (အင်တာနက်)

ကမ္ဘာ့မီတာ ၁၀၀စံချိန်ရှင် အိုလံပစ်၌ယှဉ်ပြိုင်မည်

ဂျမေကာ မေ ၁၅

ဂျမေကာနိုင်ငံမှ ကမ္ဘာ့မီတာ ၁၀၀ ပြေးပွဲစံချိန်ရှင် ပိုဝဲလ်သည် ရာသီအစတွင် ဝမ်းဗိုက်ပိုင်းနာကျင်နေမှုကြောင့် ပြိုင်ပွဲများနှင့်လွဲချော်နေရာမှ ဒဏ်ရာ ပြန်လည်သက်သာ ပျောက်ကင်းသွားပြီဖြစ်၍ ပေကျင်းအိုလံပစ်၌ ပါဝင်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ၄င်းကပြောကြားလိုက်သည်။

ကမ္ဘာ့မီတာ ၁၀၀စံချိန်ရှင် ပိုဝဲလ်

ပိုဝဲလ်သည်၂၀၀၇ခုနှစ် စက်တင်ဘာလက ကမ္ဘာ့မီတာ ၁၀၀အပြေးပြိုင်ပွဲတွင် စံချိန် ၉ဒသမ၇၄စက္ကန့်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ ယခုအခါ ပိုဝဲလ်သည် ဒဏ်ရာမှ ပြန်လည်သက်သာ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း ၄င်းက ပြောကြားသည်။

ကစားမည်

ကမ္ဘာ့မီတာ ၁၀၀အပြေးစံချိန်ရှင် ပိုဝဲလ်သည် သီတင်းနှစ်ပတ်အတွင်း ရာနွန်းပြည့် ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ၄င်း၏အေးဂျင့်က ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိသျှလက်ဝှေ့သမားမစ်ချဲလ် ချန်ပီယံခါးပတ်ကာကွယ်မည်

လန်ဒန် မေ ၁၅

ဗြိတိသျှ စူပါဖယ်သာဝိတ်တန်း ချန်ပီယံ ကီဗင်မစ်ချဲလ်သည် လာမည့်လတွင် အတ္တလန္တာစီးတီးမြို့၌ထိုးသတ်မည့် ၄င်း၏ ဒဗလျူဘီအို ချန်ပီယံခါးပတ်ကို ကာကွယ်ထိုးသတ်လိမ့်မည်ဖြစ်ကြောင်း လက်ဝှေ့ပြိုင်ပွဲကြီးကြပ်သူများက ပြောကြားသည်။

အသက် ၂၃နှစ်ရှိ လန်ဒန်မြို့သား ကီဗင်မစ်ချဲလ်သည် မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ဂါရီလော့ကက်နှင့် အမေရိကန်နိုင်ငံ၌ထိုးသတ်ကြမည်ဖြစ်သည်။

မစ်ချဲလ်သည်မတ်လအထိလက်ဝှေ့ပြိုင်ပွဲ ၂၆ပွဲ ထိုးသတ်ခဲ့ရာတွင် ရှုံးပွဲမရှိ စံချိန်တင် ထိုးသတ်ထားသူဖြစ်သည်။ ၄င်းသည် မတ်လအတွင်းက ကားစ်ဂျိုမန်ဆင်အား ကိုးချီထိုးသတ်ပြီး ဗြိတိသျှစူပါဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကိုကာကွယ်လိုက်နိုင်သည်။ မစ်ချဲလ်နှင့်ဂါရီလော့ကက်တို့သည် ဇွန်

ကီဗင်မစ်ချဲလ်

၇ရက်တွင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းလက်ဝှေ့ ပြိုင်ပွဲတွင် ပရိုသတ် ၂၀၀၀၀ခန့် တက်ရောက်နိုင်ရန်စီစဉ်ထားကြောင်း၄င်း၏အေးဂျင့်က ပြောကြားသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

ပို့စ်မောက်နဲ့ ကာဒစ်တို့ အက်ဖ်အေဖလားဘယ်သူဆွတ်ခူးမလဲ

လန်ဒန် မေ ၁၅

အက်ဖ်အေဖလားဘောလုံးပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို မေ ၁၇ရက် (မြန်မာစံတော်ချိန် ည ၈ နာရီခွဲ)တွင် လန်ဒန်မြို့ ဝင်ဘလေကွင်းကြီးမှာ ပို့စ်မောက်နဲ့ကာဒစ်အသင်းတို့အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပါတော့မယ်။ ပို့စ်မောက် အသင်းဟာ ဒီနှစ်ပရီမီယာလိဂ်ရာသီကုန်ချိန်

ပို့စ်မောက်တိုက်စစ်မှူး ဂျာမိန်းဒီဖိုး

အဆင့်ရှစ်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့ အသင်းဖြစ်သလို ကာဒစ်အသင်းကလည်း ချန်ပီယံရှစ် (ပထမ)တန်းမှာ အဆင့် ၁၂နေရာမှာရှိနေတဲ့ အသင်းဖြစ်တာမို့ နာမည်ကြီး ထိပ်တန်းအသင်းကြီးတွေမပါတဲ့ အထူးခြားဆုံးအက်ဖ်အေဖလား ဗိုလ်လုပွဲတစ်ခုလည်းဖြစ်နေပါတယ်။

ဒါကြောင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲမှာ ရင်ဆိုင်ယှဉ်ပြိုင်ကြရတော့မယ့် ပို့စ်မောက်နဲ့ကာဒစ်အသင်းတို့ရဲ့ အဝေးအနီးမြင်ကွင်းကို ကြည့်လိုက်တဲ့အခါ ပို့စ်မောက်အသင်းဟာ အက်ဖ်အေဖလား သမိုင်းမှာတော့ ၁၉၃၉ခုနှစ် ပထမဆုံးအကြိမ်ဗိုလ်လုပွဲ တက်ရောက်ခဲ့ဖူးပြီး အခုအကြိမ်ဟာ ဒုတိယအကြိမ်မြောက် ဗိုလ်လုပွဲ တက်ရောက်လာခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အက်ဖ်အေဖလားကို တစ်ကြိမ်မှ မဆွတ်ခူးနိုင်သေးတဲ့အသင်းဖြစ်တဲ့ ပို့စ်မောက်ဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ၃၈ပွဲကစား၊ ၁၆ပွဲနိုင်၊ ၉ပွဲသရေ၊ ၁၃ပွဲရှုံးခဲ့တဲ့ ရလဒ်တွေ ပိုင်ဆိုင်ထားပြီး တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးက၄၈ဂိုး ရှိခဲ့ပါတယ်။

အားထားရ

ပို့စ်မောက်အသင်းရဲ့ အဓိကကစားသမားတွေ ဖြစ်တဲ့ ဆိုးကမ်းဘဲလ်၊ အူကာတာ၊ မန်ဒက်စ်၊ ဘားရို့စ်နဲ့ ဒီဖိုးတို့ဟာ ပို့စ်မောက်အသင်းရဲ့ အဓိကကစားသမားတွေဖြစ်ပြီး အားထားရတဲ့သူတွေ ဖြစ်ပါတယ်။

ဟန့်တားနိုင်

ပို့စ်မောက်နည်းပြ ရက်နက်ဟာအသင်းရဲ့ကစားရှိန်ကို မကျအောင်နဲ့ အချိန်ကိုက်လူအစားထိုးကစားမှု မှန်ကန်တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ ပို့စ်မောက် အသင်းမှာဂိုးသမား ဒေးဗစ်ဂျိမ်းကခြေသလုံးကြွက်သားဒဏ်ရာရနေတာမို့ အခုပွဲမှာ ပါဝင်နိုင်ဖို့ မသေချာဘူး။ ခံစစ်မှာဆိုးကမ်းဘဲလ်၊ ဂျွန်ဆင်၊ လောရင့်နဲ့ ဟက်ဒါဆန်တို့အကုန်ကစားရင်တော့ ကာဒစ်တိုက်စစ်မှူးတွေကို ကောင်းကောင်း ဟန့်တားနိုင်ပါလိမ့်မယ်။

ပို့စ်မောက် ကွင်းလယ်မှာ အူကာတာ၊ ဒေးဗစ်နဲ့ မန်ဒက်စ်တို့က တစ်ဖက်အသင်းတိုက်စစ်ကို ကွင်းလယ်မှာတင် ဟန့်တားနိုင်သူတွေဖြစ်တဲ့အပြင် တိုက်စစ်မှူးတွေဖြစ်တဲ့ ကနူး၊ ဘားရို့စ်နဲ့ဒီဖိုးတို့ကိုလည်း ဂိုးတွေသွင်းနိုင် အောင်ဖန်တီးပေးနိုင်သူတွေပါပဲ။ ဒါကြောင့် တစ်သင်းလုံး စုစည်းမှုနဲ့ကစားအားကောင်းတဲ့ပို့စ်မောက်ကို ကာဒစ်တို့ ခက်ခက်ခဲခဲ ကစားရမှာသေချာပါတယ်။ ပို့စ်မောက်နဲ့ကာဒစ်တို့ ၂၀၀၄ခုနှစ်က လိဂ်ဖလားပြိုင်ပွဲမှာ ဆုံတွေ့ခဲ့တဲ့ပွဲမှာ ပို့စ်မောက်တို့က နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိထားတဲ့အပြင် စုစုပေါင်းပွဲ ၄၀ကြုံတွေ့ကစားခဲ့ရတဲ့ ဒီနှစ်သင်းမှာ ပို့စ်မောက်ကပွဲ၂၀အနိုင်ရပြီး ကာဒစ်က ၁၅ပွဲအနိုင်ရခဲ့ပါတယ်။ သရေပွဲက ၁၃ပွဲဆိုတော့အသာစီးရနိုင်တာက ပို့စ်မောက်ဆိုပေမယ့် ရလဒ်ပြတ်သားမှုတော့ရှိနိုင်မယ် မထင်ပါဘူး။

ကာဒစ်အသင်းကတော့ ဒီနှစ်ပထမတန်းပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံရှစ်ပွဲစဉ်မှာ ၁၆ပွဲနိုင်၊ ၁၆ပွဲသရေနဲ့ ၁၄ပွဲရှုံးပြီး သွင်းဂိုး ၅၉ ဂိုးနဲ့ အဆင့်၁၂မှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။

သတိထား

ကာဒစ်အသင်းရဲ့ ကစားသမားတွေကိုကြည့်ရင် ခြေစွမ်းပြနေတဲ့ သူတွေကတော့ ရော်ဘီဖောင်လာ၊ ဟက်ဆယ်ဘိန့်၊ သော်မဆင်နဲ့ ဆင်ကလဲယားတို့ပဲ ဖြစ်ပါတယ်။ ကွင်းလယ်က ဂျွန်ဆင်နဲ့လက်ယေတို့ကလည်း အတွဲညီပြီး ရှေ့နောက် လိုက်ပါကစားနိုင်တဲ့အပြင် ဂိုးလည်းသွင်းယူနိုင်တဲ့သူတွေပါပဲ။ တိုက်စစ်အပိုင်းမှာတော့ ဟက်ဆယ်ဘိန့်က ဂိုးသွင်းခြေစွမ်းထက်မြက်နေဆဲ ဖြစ်တာမို့ ပို့စ်မောက်ခံစစ်မှူးတွေ သတိထားရမှာပါ။

ကာဒစ်အသင်းရဲ့ အားနည်းချက်ကတော့ ခံစစ်ကြောင်းပါပဲ။ ကာဒစ်ခံစစ်မှူးတွေဟာ တစ်ဖက် အသင်းက အင်နဲ့အားနဲ့ တိုက်စစ်ဆင်လာရင် ပျာယာခတ်ပြီး အမှားတွေ ပြုလုပ်တတ်တာမို့ ပို့စ်မောက်တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ဒါပေမယ့် ကာဒစ်အသင်းဟာ အခု အက်ဖ်အေဖလားဗိုလ်လုပွဲမှာ အနိုင်ရ ဗိုလ်စွဲခဲ့ရင် ယူအီး

တိုက်စစ်မှူး ဟက်ဆယ်ဘိန့်

အက်ဖ်အေဝင်ခွင့် ရရှိမှာမို့ ဒီပွဲကို အိတ်သွန်ဖာမှောက် အနိုင်ရအောင် ကစားပါလိမ့်မယ်။

ခြေကုန်ထုတ်

ဒါကြောင့်နိုင်ပွဲရဖို့အတွက် နှစ်သင်းစလုံးမှာ ခြေကုန်ထုတ်ရမယ့် အခြေအနေတွေကြောင့် ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်မှာ သေချာပါတယ်။ အက်ဖ်အေဖလားကို တစ်ကြိမ်မှမရဖူးသေးတဲ့ ပို့စ်မောက်နဲ့ အက်ဖ်အေဖလားတစ်ကြိမ်ရဖူးပြီး ယူအီးအက်ဖ်အေဝင်ခွင့်တစ်နေရာရရှိဖို့အပြင် အက်ဖ်အေဖလား ထပ်မံရရှိရေး အစွမ်းကုန်ကြိုးစားမယ့် ကာဒစ်တို့ရဲ့ အက်ဖ်အေဖလားပိုင်ရှင် ဘယ်သူ ဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်းဖော်ပြလိုက်ရပါတယ်။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

16-5 (16).pmd 1 5/16/2008, 2:35 AM

ဝိဇ္ဇာသုတ၊ ဝိဇ္ဇာရသ အပြည့်ပါသော ဝိဇ္ဇာမဂ္ဂဇင်း ဇွန်လထုတ်ဖြန့်ချိ

ရန်ကုန် မေ ၁၅

ဆရာမောင်ပန်းမွေးနှင့်ဆရာမောင်သွေးချွန်တို့စုစည်းစီစဉ်သော ဇွန်လထုတ် ဝိဇ္ဇာမဂ္ဂဇင်း ဖြန့်ချိထားသည် **(ယာပုံ)**ကို တွေ့ရသည်။ ဝိဇ္ဇာသုတ၊ ဝိဇ္ဇာရသ ဝိဇ္ဇာလမ်းစဉ်၊ ဝိဇ္ဇာကျင့်စဉ်များကို အားပါးတရ ဖတ်ရှုရသည်။ အမေရိကန် ရောက် မြန်မာ့ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်ထံမှ ဆံတော်များပေါ်ထွက်လာခြင်း၊ ပြည်မြို့ သတ္တဋ္ဌာနဘုရားမှ ရှေးဟောင်းဌာပနာများတူးဖော်တွေ့ရှိ၊ အုန်းသီးမှ ညောင်ပင်ပေါက်ခြင်း စသော သတင်းထူး သတင်းဆန်းများလည်း ပါရှိသည်။

စီးပွားရေးလုပ်ငန်း အဆင်ပြေပြီး ကြီးပွားချမ်းသာစေသော ဝဋ္ဋသုတ် ကျင့်စဉ်၊ နဝင်းဆက်ယတြာ၊ အက္ခရာသင်္ချာဗေဒနှင့် ၁၀၈နဝင်း၊ မွေးဂဏန်း အဆောင် စသော လောကီရေးရာ၊ စာပဒေသာများကိုလည်း ဝေဝေဆာဆာ ဖော်ပြထားသည်။ ဝိဇ္ဇာလမ်းပေါ်က အချိန်အခါနှင့် သမယငါးပါး၊ ဘုရားဟောခဲ့သော ဝိဇ္ဇာကျင့်စဉ်၊ ဣဋ္ဌာသယ သိဒ္ဓိပေါက် ပုတီးစိပ်နည်း၊ ဝိဇ္ဇာတို့၏ မေတ္တာပို့နည်း စသော ဝိဇ္ဇာရေးရာ ဆောင်းပါးများလည်း ပါဝင်သည်။

ဆရာကြီးဦးဂိုအင်ကာ၏ ဝိပဿနာသမား၏ တာဝန်ကြီးနှစ်ရပ်၊ မဟာစည် ဆရာတော်ကြီး၏ဘဝနှင့် ဓမ္မမှတ်တိုင်များ၊ မဟာဗောဓိမြိုင်ဆရာတော်၏ကြောင်းကျိုးဆက် သဘောတရား၊ စလူမြောင်တောရဆရာတော်၏ ထူးခြားဖြစ်စဉ်နှင့် ကျင့်စဉ်များ၊ သုံးဆယ်ဓမ္မသုခဆရာတော်ကြီး၏ မေတ္တာတန်ခိုး၊ စာမတတ်သောဘဝမှ တရားပြဆရာမကြီး ဖြစ်လာသော ဒီပါးမား၊ တဘောင် ရှေ့ပြေးလေ့လာချက်၊ အင်းဝခေတ်ဘားမဲ့ဆရာတော် စသည်ဖြင့် ဖတ်စရာ မှတ်စရာတွေ စုံလင်လှသည်။ တည်ကြည်၊ သာဂဒိုး၊ ချစ်ဦးညို၊ သိန်းသန်းထွန်း၊ မြေလတ်မြတ်သူ၊ ဝင်းမင်းထွေး၊ ဖေမြိုင်၊ သိဒ္ဓိဆန်းလှိုင်၊ ဗအုပ်ခိုင်၊ ထက်မြက်၊ တက္ကသိုလ်သျှင်သီရိ၊ ဦးလှထွန်း(သုံးဆယ်)၊ မောင်မောင်လှိုင်(အပ်စိုက်ကု)စသော ကလောင်ရှင်များ၏ စာကောင်းစာသန့်များဖြင့် တော်ဝင်မြို့မစာအုပ်တိုက် အမှတ် ၈၈ ဒုတိယထပ်(ယာ) ၃၈လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇ရန်ကုန်မှ ဖြန့်ချိထားကြောင်း သိရသည်။

(သတင်းစဉ်)

ငှက်ဖျားရောဂါအကြောင်းသိကောင်းစရာ ဟောပြော ခြင်ထောင်ဆေးစိမ်နည်း ကျောက်မဲ၌ လက်တွေ့သရုပ်ပြသ

ကျောက်မဲ မေ ၈

ကျောက်မဲခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးကျင်းပသော ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၈ ရက်က ကျောက်မဲမြို့ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာတင်တင်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များဖြစ်ကြသော ဒေါက်တာခင်စပယ်ညိုက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ဒေါ်ကြည်ကြည်အုန်းက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ခြင်ထောင်ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြသကာ**(အပေါ်ပုံ)** ဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ- ၂၀၀၈ခုနှစ် မေ ၁၂ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ပေါင်းစည်းပြေစာနှင့် Demand Paper(အကြီး)	ရွက်ရေ (၂၁)သိန်း
(ခ)	Epson LQ-2180 Ribbon	(၁၆၀)ခု

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၇-၅-၂၀၀၈ရက် (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်၂၀၀၀(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၀၈၅၃ Honda Wave NF 100 m ယာဉ်လက်ဝယ်ရှိသူ ဦးဝေမင်း မှတ်ပုံတင် အမှတ် ၁၃/လရန(နိုင်) ၀၅၅၃၉၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေး၊ မြောက်ပိုင်း)၊မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၁၄၃၇ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ရွှေ မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်)၀၅၄၁၅၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေး၊တောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၅၁၃၄ Luojia M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းဇော် မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၁၁၀၁၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေး၊ တောင်ပိုင်း) မန္တလေးမြို့။

ဥတုရာသီ တောက်ပမီ

တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် လေဘေးကယ်ဆယ်ရေးစခန်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် လေဘေးကယ်ဆယ်ရေးစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကယ်ဆယ်ရေးစခန်း၌ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စံသာက တွံတေးမြို့နယ်၌ လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လေဘေးသင့်သူများအား နေရာချထားကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက တွံတေးမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့သည့် အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ဖြည့်စွက်တင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဟိုင်းကြီးကျွန်းမြို့နှင့် ကျေးရွာများ၌ လေဘေးသင့်ပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

ရန်ကုန် မေ ၁၅

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်နှင့် သက္ကယ်သောင် ကျေးရွာအုပ်စုရှိ ကယ်ဆယ်ရေးစခန်းများ၌ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါများ မဖြစ်ပွားနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်များကို ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၇ ကော်လံ ၄* ●

မေ ၁၃ ရက်က ဒေါက်တာဒေါ်အေးခိုင်ညွန့် ဦးဆောင်သော စေတနာရှင်လူငယ်ဆရာဝန်များအဖွဲ့ ဟိုင်းကြီးကျွန်းမြို့၌ မေးခိုင်ကာကွယ်ဆေးများ ထိုးခြင်းနှင့် အနီးကပ်ပြုစုကုသပေးခြင်း ဆောင်ရွက်စဉ်။ (သတင်း စာ - ၇) (သတင်းစဉ်)

မိုးလေဝသအထူးသတင်း

နေပြည်တော် မေ ၁၅

မြန်မာစံတော်ချိန် နံနက် ၇ နာရီ ထုတ်ပြန်ချက်

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲအချိန် မိုးလေဝသ ဂြိုဟ်တုမှ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်ပေါ်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ယင်းသည် ပိုမိုအားကောင်းလာခြင်းမရှိဘဲ မြောက်/အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနေသည်။ ယင်း၏ ကုန်းတစ်ဝက်၊ ရေတစ်ဝက်အနေအထား အရ နောက် ခြောက်နာရီအတွင်း ပိုမိုအားကောင်းလာခြင်းမရှိနိုင်ဟု ခန့်မှန်းသည်။

မိုးရွာနိုင်

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြောက်ပိုင်းတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပြည်သူများ သတိပြုရန်

သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် တရားဝင်ထုတ်လွှင့်ဖော်ပြခြင်းမရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြပါနှင့်။